# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၄)ရက် ၊ အင်္ဂါနေ့ ၊ (28-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဝဇီရာ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝဇီရာ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ နှစ်ပေါင်း ၁၀၃ နှစ် သက်တမ်းရှိ သမိုင်းဝင်အမွေအနှစ် အဆောက်အအုံဖြစ်သည့် ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် **စာမျက်နှာ ၁၆ ကော်လံ ၁**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၃၀ မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၃

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၄

## ပြတ်တောက်သွားသော လက်ညှိုးကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၇**

မင်္ဂလာဒုံမြို့နယ်၌ နေထိုင်သည့် အသက် ၂၅ နှစ် အမျိုးသားတစ်ဦး သစ်စက်၌ အလုပ်လုပ်နေစဉ် ပြတ်တောက်သွားသောလက်ညှိုးကို ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။


**စာမျက်နှာ ၂၇ ကော်လံ ၄**



ခွဲစိတ်ပြီး ၁၄ ရက်မြောက် လက်အခြေအနေ။



ပြတ်တောက်သွားသော လက်ညှိုးပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ဇူလိုင် ၂ ရက်တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ခဲ့စဉ်။



## အားကောင်းသော မုန်တိုင်းငယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (အနောက်ဘင်္ဂလားပြည်နယ်-ဩရိသပြည်နယ် မြောက်ပိုင်း)ကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သော အားကောင်းသောမုန်တိုင်းငယ်(Deep Depression) သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေကို ဟယ်လ်ဒီယာမြို့အနီးမှ စတင်ဖြတ်ကျော်လျက်ရှိသည်။ **စာမျက်နှာ ၂၇ ကော်လံ ၁**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၈

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# လူတိုင်းကျန်းမာဖို့ အသည်းရောင်ရောဂါကာကွယ်စို့

နှစ်စဉ် ဇူလိုင် ၂၈ ရက်သည် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် အသည်းရောင်ရောဂါဘီပိုးကို စတင်တွေ့ရှိခဲ့သည်။ ထိုရောဂါရှာဖွေစမ်းသပ်မှုနှင့်ကာကွယ်ဆေးကို တီထွင်နိုင်ခဲ့သူ အမေရိကန်သိပ္ပံပညာရှင်ဖြစ်သော ဒေါက်တာ Baruch Samuel Blumberg ကိုဂုဏ်ပြုသောအားဖြင့် သူ့မွေးနေ့ ဇူလိုင် ၂၈ ရက်ကို ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day)အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အသည်းသည် လူ့၏ခန္ဓာကိုယ်တွင်းရှိ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် ခန္ဓာကိုယ်အတွက် အလုပ်အများဆုံးအစိတ်အပိုင်းဖြစ်သည်။ လူတို့နေ့စဉ်စားသုံးလိုက်သော အစားအစာများထဲတွင် ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေသောဓာတ်များနှင့် ဘေးဖြစ်စေသောဓာတ်များ ရောနှောပါဝင်နေသည်။ အသည်းသည် ဘေးဖြစ်သောဓာတ်များကို ချေဖျက်ပေးပြီး ခန္ဓာကိုယ်အတွက် အသုံးဝင်သောအာဟာရများ ထုတ်လွှတ်ပေးသည်။ ထို့ကြောင့် အသည်းသည် လူ့ခန္ဓာကိုယ်အတွက်မရှိမဖြစ်အရေးပါသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။

ဆေးပညာလောကတွင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီးနှင့် ဂျီဟူ၍ အသည်းရောင်ရောဂါပိုး ခြောက်မျိုးရှိသည်။ ၎င်းတို့အနက် အေနှင့် အီးမှာ ခြောက်လအတွင်း ပျောက်ကင်းနိုင်၍ နာတာရှည်မဖြစ်နိုင်သော်လည်း ဘီနှင့် စီမှာ နာတာရှည်ဖြစ်ပေါ်နိုင်သည်။ အချို့အသည်းရောင်ရောဂါဘီပိုးနှင့် စီပိုးဝေဒနာရှင်များသည် ခြောက်လခန့် သို့မဟုတ် တစ်သက်လုံး အသည်းရောင်ရောဂါကို ခံစားရပြီးနောက် အသည်းခြောက်ခြင်း၊ အသည်းကြွပ်ခြင်းတို့မှသည် အသည်းကင်ဆာထိ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်လာနိုင်သည်။ မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်မိခြင်း သို့မဟုတ် မစင်နှင့် တံတွေးတို့မှတစ်ဆင့် အသည်းရောင်ရောဂါပိုး ကူးစက်နိုင်သည်။ အသည်းရောင်ဘီပိုးနှင့် စီပိုးသည် ရောဂါရှိသူ၏ သွေး၊ သုက်ရည် သို့မဟုတ် ချွေးနှင့်ထိတွေ့ခြင်း၊ တစ်ကိုယ်ရည်သုံးပစ္စည်းများ အတူသုံးစွဲခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်သည်။ အရက်အလွန်အကျွံသောက်ခြင်း၊ ဆေးထိုးအပ်များ မျှဝေသုံးစွဲခြင်း၊ မသန့်ရှင်းသောအပ်များနှင့် ဆေးမင်ကြောင်ထိုးခြင်း၊ အခြားသူများ၏သွေးသွင်းခြင်း၊ ခန္ဓာကိုယ်မှထွက်သော အရည်များနှင့် ထိတွေ့မိခြင်း၊ အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ ဆီးချိုရောဂါရှိခြင်းနှင့် အဝလွန်ရောဂါရှိသူများတွင် အသည်းရောင်ရောဂါပိုမိုဖြစ်ပွားနိုင်သည်။

အသည်းရောင်ရောဂါဖြစ်ပွားပါက မောပန်းခြင်း၊ အသားဝါခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဗိုက်နှင့် ခြေထောက်များရောင်ရမ်းခြင်း၊ ဆီးမည်းခြင်းလက္ခဏာများဖြစ်ပေါ်နိုင်သည်။ ရောဂါဖြစ်ပွားမှကုသခြင်းထက် မဖြစ်ပွားမီက ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ထို့ကြောင့် အသည်းရောင်ရောဂါမဖြစ်ပွားမီ ကာကွယ်ဆေးထိုးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနေထိုင်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များစားသုံး၍ လေ့ကျင့်ခန်းလုပ်ခြင်းများဖြင့် အသည်းရောင်ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်သည်။

အသည်းရောင်ရောဂါသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို သိသိသာသာထိခိုက်စေနိုင်သည်။ သို့သော် စောစီးစွာသိရှိနိုင်ပြီး သင့်လျော်သောကုသမှုဖြင့် အသည်းရောင်ရောဂါများကို ထိရောက်စွာကာကွယ်နိုင်သည်။ ထို့ကြောင့် ကျန်းမာသောလူမှုဘဝများ ပိုင်ဆိုင်နိုင်ရန်အတွက် အသည်းရောင်ရောဂါဖြစ်ပွားမှုကို လူတိုင်းကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၉၀၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၉၀၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၁၁၇၁၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၉၀၇၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၇၁၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၈၉၀၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်တွင် ကွမ်းရွက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအား ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက်ကွမ်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ကွမ်းတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ပန်းတနော်မြို့နယ်မှ ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသဖြင့် ပွဲရုံပိုင်ရှင်များ၊ လုပ်သားများအဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ကံသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကံသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၈ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံပင်စုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။ **သန်းလွင်(မကွေး)**

# အမရပူရမြို့နယ် သပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသပိတ်တန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၂ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦး၊ အသေးစား လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၂၀ ထုတ်ချေး ပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၃၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၃၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် စွန်တာပြာပဲ ၅၈၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၂၇ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စွန်တာပြာပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၉၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စွန်တာပြာပဲစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စွန်တာပြာပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စွန်တာပြာပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရုံးတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားဆန်က ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိဇူလိုင်လထဲမှာလဲ ရန်ကုန်ဈေးကွက်က ထိုင်းဘေးကျား ဆန်တွေကို ဝယ်တာများနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၉၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ထိုင်းဘေးကျားဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘ၀တစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၂)

ပါမောက္ခကိုကိုအောင်




**If you become deficient in vitamins, you can develop illnesses ranging from minor ones to major diseases.**

**Prof. Ko Ko Aung**

**ဗီတာမင် ချို့တဲ့မှုကြောင့် ခံစားရနိုင်သော ဝေဒနာများ**

**ဗီတာမင် A ချို့တဲ့ခြင်း**

မျက်စိကျန်းမာရေးအတွက် အဓိကအရေးပါသော ဗီတာမင် A ချို့တဲ့ပါက အလင်းရောင်မှိန်သည့် နေရာများတွင် သဲသဲကွဲကွဲမမြင်ရခြင်း၊ ညအချိန်၌ အမြင်အာရုံကျဆင်းခြင်း၊ မျက်လုံးခြောက်သွေ့မှု လွန်ကဲခြင်း၊ မျက်ရည်ထွက်ရန် ခက်ခဲလာခြင်း၊ မျက်ကြည်လွှာနှင့် မျက်လုံးအိမ် ခြောက်သွေ့ပြီး ထိခိုက်လွယ်လာခြင်း၊ မျက်လုံး၌ ငွေရောင်ရှိသော အစက်အပြောက်များ ဖြစ်ပေါ်လာခြင်း၊ ကိုယ်ခံအား ကျဆင်းခြင်း၊ ရောဂါပိုးဝင်လွယ်ခြင်း၊ အထူးသဖြင့် ဝမ်းလျှောခြင်းနှင့် ရင်ကျပ်ခြင်းမျိုး ဖြစ်ပွားနှုန်း မြင့်တက်လာခြင်း၊ အရေပြားနှင့် ဆံပင်များ ခြောက်သွေ့ယားယံခြင်း၊ အရေပြား၌ ကြွက်သားကဲ့သို့ မာကျောခြောက်သွေ့သည့် အဖုအပိမ့်များထွက်လာခြင်း စသည်တို့ကို ကြုံတွေ့ခံစားကြရနိုင်သည်။

**ဗီတာမင် B1 ချို့တဲ့ခြင်း**

ဗီတာမင် B1 ချို့တဲ့ပါက ဘယ်ရီဘယ်ရီရောဂါ ဖြစ်ပွားခြင်း၊ အာရုံကြောဆိုင်ရာလက္ခဏာများဖြစ်ကြသော ခြေလက်ထုံကျဉ်ခြင်း၊ စူးချွန်နှင့် ထိုးသကဲ့သို့နာကျင်ခြင်း၊ ကြွက်သားများ အားနည်းလာခြင်း၊ လမ်းလျှောက်ရခက်ခဲလာခြင်း၊ စိတ်ရှုပ်ထွေးလာခြင်း၊ မှတ်ဉာဏ်ချွတ်ယွင်းလာခြင်း၊ နှလုံးနှင့်သွေးကြောဆိုင်ရာလက္ခဏာများဖြစ်ကြသော ခြေထောက်ရောင်ရမ်းခြင်း၊ အသက်ရှူမြန်လာခြင်း၊ မောပန်းလာခြင်း၊ နှလုံးခုန်မြန်လာခြင်း၊ နှလုံးက အလုပ်မလုပ်နိုင်တော့သည်ထိဖြစ်လာခြင်း စသည်တို့ကို ကြုံတွေ့ကြရနိုင်သည်။

**ဗီတာမင် B2 ချို့တဲ့ခြင်း**

ဗီတာမင် B2 ချို့တဲ့ပါကမူ နှုတ်ခမ်းကွဲခြင်း၊ နှုတ်ခမ်းထောင့်နေရာများ၌ ကွဲအက်နာကျင်လာခြင်း၊ လျှာရောင်ရမ်းခြင်း၊ လျှာနီရဲပြီး နာကျင်လာခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ နားရွက်၊ နှာခေါင်းနှင့် မျက်နှာအရေပြားနေရာများ၌ အဖုငယ်များ ထွက်လာခြင်း၊ မျက်လုံးရောင်ရမ်းခြင်း၊ မျက်လုံးနှင့် နှုတ်ခမ်းဝန်းကျင်နေရာများနှင့် ပါးစပ်ထဲ၌ အနာများ ဖြစ်ပေါ်လာခြင်း၊ မျက်လုံးညောင်းညာပြီး အလင်းဒဏ်ကို မခံနိုင်ခြင်း စသောရောဂါလက္ခဏာများကို ကြုံတွေ့ခံစားကြရနိုင်သည်ကို သတိပြုသင့်ကြသည်။

**ဗီတာမင် B3 ချို့တဲ့ခြင်း**

အစာခြေဖျက်စနစ်၊ အာရုံကြောစနစ်နှင့် အရေပြားအတွက် အရေးပါသည့် ဗီတာမင် B3 ချို့တဲ့ပါက ဝမ်းလျှောခြင်း၊ အစာခြေလမ်းကြောင်း ရောင်ရမ်းပြီး ဝမ်းအရည်များ ဆက်တိုက်သွားခြင်း၊ စိတ်ကျဝေဒနာ၏ လက္ခဏာများဖြစ်ကြသော စိတ်ရှုပ်ထွေးခြင်း၊ စိတ်တိုလွယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကတောင်ချောက်ချားဖြစ်ခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ နေရောင်ခြည်နှင့် ထိတွေ့ရသောလည်ပင်း၊ လက်မောင်းနှင့် လက်ဖျံ စသည့်အရေပြားနေရာများ၌ နီရဲရောင်ရမ်းခြင်း၊ ယားယံပြီး အရေပြားကွာကျခြင်း စသောရောဂါလက္ခဏာများကို ကြုံတွေ့ခံစားကြရနိုင်သည်။

ဗီတာမင် B3 ချို့တဲ့မှု လွန်ကဲလာပါကမူ ပယ်လယ်ဂရာ(Pellagra) ရောဂါကြီးထိပင် ဖြစ်ပွားလာနိုင်သည်ကို သတိပြုသင့်ကြသည်။

**ဗီတာမင် B5 ချို့တဲ့ခြင်း**

ဗီတာမင် B5 သည် အစားအစာ အများစုတွင် ပါဝင်နေခြင်းကြောင့် B5 ချို့တဲ့မှုက ဖြစ်ခေါင့်ဖြစ်ခဲကိစ္စရပ်ဖြစ်သည်။ အကယ်၍ ဗီတာမင် B5 ချို့တဲ့ပါက ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်း၊ စိတ်ကျဝေဒနာဖြစ်ပြီး စိတ်တိုလွယ်လာခြင်း၊ အိပ်မပျော်ခြင်း၊ ခြေဖျားလက်ဖျားများ စပ်ဖျဉ်းဖျဉ်းဖြစ်လာခြင်း၊ အစာစားချင်စိတ် နည်းပါးလာခြင်း၊ ဗိုက်အောင့်ခြင်း၊ မအီမသာဖြစ်ခြင်း စသောဝေဒနာတချို့ကို ကြုံတွေ့ခံစားကြရနိုင်သည်။

**ဗီတာမင် B6 ချို့တဲ့ခြင်း**

ဗီတာမင် B6 ချို့တဲ့မှုဖြစ်လာပါက အင်ပျဉ်ထွက်ခြင်း သို့တည်းမဟုတ် ယားယံသည့်အနီကွက်များ ထွက်လာခြင်း၊ နှုတ်ခမ်းကွဲခြင်း၊ ပါးစပ်ပတ်လည်၌ နာကျင်ကွဲအက်ခြင်း၊ လျှာရောင်ရမ်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သွေးအားနည်းရောဂါ ခံစားရခြင်း၊ ကိုယ်ခံစွမ်းအား ကျဆင်းခြင်းတို့ကို ကြုံတွေ့ကြရနိုင်သည်။

**ဗီတာမင် B7 ချို့တဲ့ခြင်း**

ဗီတာမင် B7 ချို့တဲ့မှုက အလွန်ရှားပါးသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သော်လည်း အကယ်၍ ချို့တဲ့လာခဲ့လျှင်မူ ဆံပင်ပါးလာခြင်း၊ ဆံပင်အရောင်ပြောင်းခြင်း၊ လက်သည်းနှင့် ခြေသည်းများ ကျိုးပဲ့လွယ်ခြင်း၊ နှုတ်ခမ်းကွဲခြင်း၊ မျက်လုံးနှင့် နှာခေါင်း ပတ်ဝန်းကျင်တွင် အရေပြားများ ယားယံနီရဲခြင်း စသည်တို့ကို ခံစားကြရနိုင်သည်။

**ဗီတာမင် B9 ချို့တဲ့ခြင်း**

ကိုယ်ဝန်ဆောင် မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်၌ ဗီတာမင် B9 ကို လုံလုံလောက်လောက် ရယူဖြည့်တင်းနိုင်ခြင်း မရှိခဲ့လျှင် မွေးဖွားလာမည့်ကလေး၌ မွေးရာပါ ချွတ်ယွင်းချက်တချို့ပါရှိလာနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

သာမန်လူများအတွက်မူ ဗီတာမင် B9 ချို့တဲ့နေပါက အားနည်းခြင်း၊ ပင်ပန်းခြင်း၊ အသားအရေဖြူဖျော့ခြင်း စသည့်သွေးအားနည်းရောဂါ၏ လက္ခဏာများကို ကြုံတွေ့ခံစားကြရနိုင်ပြီး ဝမ်းချုပ်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာပြဿနာတချို့နှင့် ရင်ဆိုင်ရခြင်းများကိုလည်း ကြုံကောင်းကြုံကြရနိုင်သည်။

**ဗီတာမင် B12 ချို့တဲ့ခြင်း**

ဗီတာမင် B12 ချို့တဲ့ခြင်းကို သက်သတ်လွတ်စားသူများ၌ တွေ့ရလေ့ရှိသည်။ အကြောင်းကမူ ဗီတာမင် B12 က အသီးအရွက်များ၌ သဘာဝအလျောက် ပါဝင်မှုမရှိသောကြောင့်ပင်ဖြစ်သည်။

ဗီတာမင် B12 ချို့တဲ့ပါက အားနည်းခြင်း၊ ပင်ပန်းခြင်း၊ ခေါင်းမူးခြင်း စသည့်သွေးအားနည်းရောဂါ၏ပြင်းထန်သော လက္ခဏာများနှင့် ကြုံတွေ့ကြရဖွယ်ရှိသည်။ ထို့ပြင် အာရုံကြောထိခိုက်မှုဆိုင်ရာ လက္ခဏာများဖြစ်ကြသည့် လက်ချောင်း၊ ခြေချောင်းများ ထုံကျဉ်ခြင်းနှင့် ဟန်ချက်ပျက်ကာ ထိန်းရခက်ခဲခြင်းများကိုလည်း ကြုံတွေ့ကြရနိုင်သည်။

**ဗီတာမင် C ချို့တဲ့ခြင်း**

ဗီတာမင် C ချို့တဲ့မှုက အသင့်အတင့်မျှသာ ဖြစ်ခဲ့လျှင် ဖျားနာလွယ်ခြင်း၊ အအေးမိရန် လွယ်ကူခြင်း၊ အနာကျက်ရန် နှေးကွေးခြင်း၊ ရောဂါကူးစက်လွယ်ခြင်း စသည်တို့ကို ကြုံတွေ့ကြရနိုင်သည်။

ဗီတာမင် C ချို့တဲ့မှု လွန်ကဲပါကမူ ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်း၊ သွားဖုံးရောင်ခြင်း၊ သွေးယိုစီးခြင်း၊အရေပြားပေါ်၌ အနီစက်များပေါ်ခြင်း၊ အရိုးအဆစ်များ နာကျဉ်ကိုက်ခဲခြင်း၊ ဒဏ်ရာများ အကျက်နှေးခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် သွေးအားနည်းရောဂါ( Anemia ) ခံစားရခြင်းများကို ကြုံတွေ့ကြရနိုင်သည်။

**ဗီတာမင် D ချို့တဲ့ခြင်း**

ဗီတာမင် D သည် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသော ဓာတ်တစ်မျိုးဖြစ်ပြီး အဓိကအားဖြင့် အရိုးနှင့် ကယ်လ်စီယမ်တို့၏ ဇီဝဆိုင်ရာဖြစ်ပျက်မှုကို ထိန်းညှိပေးသည့်အားလျော်စွာ၊ ကလေးငယ်များ၌ ၎င်းဗီတာမင်ချို့တဲ့နေပါက အရိုးများပျော့နေကာ ကွေးညွတ်လွယ်သော Rickets ရောဂါဖြစ်ပွားလာနိုင်သည်။

အသက်အရွယ် ကြီးရင့်သော လူကြီးများ၌မူ ၎င်းဗီတာမင်ချို့တဲ့ပါက အရိုးပါးရောဂါ (Osteomalacia) ဖြစ်ပွားတတ်ပြီး အရိုးများ အားနည်းလာကာ တစ်စုံတစ်ရာ ထိခိုက်မှုဖြစ်ပါက အရိုးကျိုးလွယ်တတ်သည်။

ဗီတာမင် D သည် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသောကြောင့် ၎င်းဗီတာမင်ချို့တဲ့ပါက ရောဂါပိုးကူးစက်ခံရနိုင်ခြေက မြင့်မားသည်။ ဗီတာမင် D ချို့တဲ့သူများတွင် စိတ်ဓာတ်ကျခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများလည်း ဖြစ်ပွားတတ်သည်။

**ဗီတာမင် E ချို့တဲ့ခြင်း**

ဗီတာမင် E သည် ဓာတ်တိုးဆန့်ကျင်သည့်အစွမ်းရှိပြီး ဆဲလ်များကို ထိခိုက်မှုမှ ကာကွယ်ပေးသည်။ ဗီတာမင် E ချို့တဲ့ပါက အာရုံကြော ထိခိုက်မှုများ ဖြစ်ပေါ်ကာ လမ်းလျှောက်ရခက်ခဲခြင်း၊ ကြွက်သားအားနည်းခြင်းများ ဖြစ်ပွားနိုင်သည်။

ဗီတာမင် E သည် ကိုယ်ခံအားစနစ်ကို အားဖြည့်ပေးသောကြောင့် ၎င်းဗီတာမင်ချို့တဲ့ပါက ကိုယ်ခံအားနည်းပြီး ရောဂါပိုးများ ဝင်ရောက်ရန် လွယ်ကူသည်။ သုတေသနတချို့အရ အချို့သော ဗီတာမင် E ချို့တဲ့သူများတွင် မျက်စိအာရုံကြောဆိုင်ရာပြဿနာများလည်း ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရသည်။

**ဗီတာမင် K ချို့တဲ့ခြင်း**

ဗီတာမင် K က သွေးခဲခြင်းကို အထောက်အကူပြုပြီး အရိုးကျန်းမာရေးအတွက်လည်း အရေးပါသည့်အားလျော်စွာ ဗီတာမင် K ချို့တဲ့ပါက သွေးမတိတ်ခြင်း၊ ဒဏ်ရာများမှ သွေးထွက်လွန်ခြင်းများ ဖြစ်ပွားနိုင်သည်။


ဗီတာမင် K သည် အရိုး၏ သိပ်သည်းဆကို ထိန်းသိမ်းပေးသောကြောင့် ၎င်း ဗီတာမင်ချို့တဲ့ပါက အရိုးအားနည်းပြီး အရိုးပွရောဂါ(Osteoporosis) ဖြစ်နိုင်ခြေက မြင့်မားသည်။ အချို့သော သုတေသနဆိုင်ရာလေ့လာမှုများအရ ဗီတာမင် K ချို့တဲ့ခြင်းက နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် ဆက်စပ်နိုင်ကြောင်းကိုလည်း တွေ့ရှိရသည်။

**PQQ ချို့တဲ့ခြင်း**

PQQ (Pyrroloquinoline Quinone)သည် ဓာတ်တိုးဆန့်ကျင်သည့်အစွမ်းရှိပြီး ဦးနှောက်နှင့် ဇီဝရုပ်ဖြစ်ပျက်မှုအတွက် အရေးပါသော ဒြပ်ပေါင်းဖြစ်သည်။ ၎င်းက ဦးနှောက်ဆဲလ်များ ကြီးထွားမှုနှင့် ကာကွယ်မှုကို အထောက်အကူပြုသောကြောင့် PQQ ချို့တဲ့ပါက ဦးနှောက်၏ လုပ်ဆောင်ချက်များကို ထိခိုက်ကာ မှတ်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေး ကျဆင်းနိုင်သည်။

ထို့ပြင် PQQ က ဆဲလ်မျိုးဗီဇ(Mitochondria )၏ လုပ်ငန်းဆောင်တာကို မြှင့်တင်ပေးသောကြောင့် ၎င်းချို့တဲ့ပါက စွမ်းအင်ထုတ်လုပ်မှုကျဆင်းကာ ပင်ပန်းနွမ်းနယ်မှုကို ဖြစ်စေနိုင်သည်။ PQQ သည် ခန္ဓာကိုယ်ရှိ ဓာတ်တိုးဖိစီးမှုကို တိုက်ဖျက်ပေးနိုင်စွမ်းလည်းရှိသည့်အတွက် PQQ ချို့တဲ့ပါက ကိုယ်ခံအားစနစ်စွမ်းရည်ကျဆင်းကာ ရောဂါပိုးများ ဝင်ရောက်လွယ်သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၅၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၅၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၆၁ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၅၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၆၀၆၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၅၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေ ကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန္တလီကျေးရွာအုပ်စု ပေါက်ပင်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်ပင်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိနှင့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ပေါက်ပင်ဆိပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကိုငွေကျပ်၂၆ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။ **ချိုလေး**

# လက်ဆောင်

\- သူငယ်ချင်း
မင်းပေးတဲ့ မုန့်လက်ဆောင်
တက်တက်ပြောင် မကျန်တော့၊
နေ့ဖို့အပြင် ညစာလို့
မျှတကာ ချွေတာငြား
စားရင်းကုန်ပေါ့။

\- သူငယ်ချင်း
မင်းပေးတဲ့ ငွေလက်ဆောင်
လက်ပူအောင် မကိုင်ရ၊
လိုရာအလွယ် ရည်ကာမှန်းပါလို့
ဟိုဟာဝယ် သည်ဟာခြမ်း
ဂဏန်းသုည။

\- သူငယ်ချင်း
မင်းပေးတဲ့ စာလက်ဆောင်
ဖြာထွက်အရောင် စကြာဖြန့်၊
ဘိုးဘိုးအောင် ဝလုံးနှယ်ပ
သုံးမကုန် မြစိန်ရွှေသို့
ဘဝထိန်ဝေ အကျိုးများတဲ့ပြင်
တိုးပွားလာ ယူပါဆိုလို့
သူတကာကို တစ်ဆင့်ပြန်ပေးနိုင်ရဲ့
မွေးတသန့်သန့်။ ။

**ချစ်စုအောင်**

# သာပေါင်းမြို့နယ် စစ်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေညောင်ပင်ကျေးရွာအုပ်စု စစ်စင်ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စစ်စင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈၅ ဒသမ ၅ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၉၀ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို ရန်ပုံငွေကျပ် ၄၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရွေးချယ်ပွဲ၌ ယူဂန်ဒါ ဝါရင့်သံတမန်လည်း ပါဝင်လာ

**နယူးယောက် ဇူလိုင် ၂၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ ယူဂန်ဒါ ထိပ်တန်းသံတမန် အိုလာရာ အိုတွန်နူလည်း ပါဝင်လာကြောင်း ဇူလိုင် ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုလာရာအိုတွန်နူသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ပွဲ၌ ပါဝင်လာသည့် သတ္တမမြောက် နိုင်ငံတကာ ထိပ်သီးသံတမန် ဖြစ်သည်။

အိုလာရာအိုတွန်နူသည် ကုလသမဂ္ဂ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

အိုလာရာအိုတွန်နူကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရွေးချယ်တင်မြှောက်ပွဲအတွက် ယူဂန်ဒါနိုင်ငံက ဇူလိုင် ၂၄ ရက်တွင် အမည်စာရင်း တင်သွင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ငါးနှစ်သက်တမ်း နှစ်ကြိမ်တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင် ရာထူးမှ အနားယူမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ အနိုင်ရသူသည် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အန်တိုနီယိုဂူတာရက်စ်၏ အရိုက်အရာကို စတင်ရယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပေါ်တူဂီကမ်းလွန်၌ ကိုကင်းမူးယစ်ဆေးဝါး ၂ ဒသမ ၆ တန် အီတလီရဲတပ်ဖွဲ့ဖမ်းဆီး



**ရောမ ဇူလိုင် ၂၇**

ပေါ်တူဂီနိုင်ငံ ကမ်းရိုးတန်းကမ်းလွန် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်း ကိုကင်းမူးယစ်ဆေးဝါး ၂ ဒသမ ၆ တန်ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အီတလီနယ်စပ်နှင့် အကောက်ခွန် ရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ထိရှိကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများကို မြန်နှုန်းမြင့် လေသွင်းရေယာဉ်တစ်စီးပေါ်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကိုကင်းမူးယစ်ဆေးဝါးများနှင့်အတူ လူလေးဦးတို့ကိုလည်း အီတလီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုကိုကင်းမူးယစ်ဆေးဝါးများကို စပိန်၊ ပေါ်တူဂီ ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း ပြုလုပ်ခဲ့သော စစ်ဆင်ရေးအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသူများမှာ စပိန်နိုင်ငံသားနှစ်ဦး၊ ဂျီဘရော်တာကျွန်း ဒေသခံတစ်ဦး၊ အယ်လ်ဘေးနီးယားနိုင်ငံသား တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကိုရီးယားကျွန်းဆွယ်စစ်ပွဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၇၃ နှစ်ပြည့် အခမ်းအနားကျင်းပ



**ပြုံယမ်း ဇူလိုင် ၂၇**

ကိုရီးယားကျွန်းဆွယ် စစ်ပွဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူမှု ၇၃ နှစ်ပြည့် အထိမ်းအမှတ်ကို ဇူလိုင် ၂၆ ရက်တွင်ကျင်းပခဲ့ရာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် စစ်အတွင်းကျဆုံးခဲ့သည့် စစ်သည်များကို ပန်းခွေချအလေးပြုခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့အနီး မောင့်တေဆောင်တောင်ရှိ တော်လှန်ရေးအာဇာနည်များ စစ်သင်္ချိုင်းသို့သွားရောက်၍ ကျဆုံးစစ်သည်များကို အလေးပြုခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယား ကျွန်းဆွယ်စစ်ပွဲ စစ်ပြန်များနှင့် တွေ့ဆုံခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားကျွန်းဆွယ်စစ်ပွဲ၌ ပါဝင်ခဲ့ကြသည့် တရုတ်အပျော်တမ်းတပ်ဖွဲ့ဝင်များ၏ စစ်သင်္ချိုင်းသို့လည်း သွားရောက်ဂါရဝပြုခဲ့ရာ တရုတ်နှင့် မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေးပိုမိုနွေးထွေးလာသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားကျွန်းဆွယ်စစ်ပွဲသည် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့ခြင်းမဟုတ်ဘဲ ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြား၌ သင်္ဘောများဖြတ်သန်းမှုနှုန်း ကျဆင်းလာ

**ရီယာ့ဒ် ဇူလိုင် ၂၇**

ပင်လယ်နီ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆော်ဒီအာရေဗျ ရေနံလုပ်ငန်း အဆောက်အအုံများကို ယီမင်အခြေစိုက် ဟူသီ လက်နက်ကိုင်အဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြား တစ်လျှောက် သင်္ဘောဖြတ်သန်းမှုနှုန်း ကျဆင်းလာကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများကြောင့် မဟာဗျူဟာမြောက် ဟော်မုဇ် ရေလက်ကြား၌ သင်္ဘောများ ဖြတ်သန်းမှု ကျဆင်းနေဆဲတွင် ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားတွင်လည်း သင်္ဘောများ ဖြတ်သန်းမှုနှုန်း ကျဆင်းလာခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယီမင်အခြေစိုက် ဟူသီ လက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျကို ရေကြောင်းပိတ်ဆို့မှု ကြေညာခဲ့ပြီး ပင်လယ်နီဒေသအတွင်းရှိ ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခဲ့ပြီးနောက် ပင်လယ်နီဒေသ ရေကြောင်း သွားလာမှုများ ကမောက်ကမဖြစ်ခဲ့ရသည်။

သင်္ဘောခရီးစဉ်စောင့်ကြည့်ရေး ဝက်ဘ်ဆိုက်များ၏ အဆိုအရ ဇူလိုင် ၂၆ ရက်တွင် ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားကို ဖြတ်သန်းခဲ့သည့် သင်္ဘော ၁၁ စီး ထိသာရှိခဲ့ရာ လပေါင်းများစွာအတွင်း သင်္ဘောအစီးရေ အနည်းဆုံး ဖြတ်သန်းမှုဖြစ်ကြောင်း သိရသည်။

ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားသည် ပင်လယ်နီကို အေဒင်ပင်လယ်ကွေ့၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် ချိတ်ဆက်ပေးထားသည့် ရေလမ်းကြောင်းဖြစ်သည်။

ယီမင်အခြေစိုက် ဟူသီ လက်နက်ကိုင်အဖွဲ့သည် အီရန်နိုင်ငံ၏ အဓိက ဒေသတွင်းမဟာမိတ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂါဇာကမ်းမြောင်အတွင်းသို့ နိုင်ငံတကာတပ်ဖွဲ့ ဝင်ရောက်ခွင့်ပေးရန် အစ္စရေး သဘောတူ

**ဂျေရုဆလင် ဇူလိုင် ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာကမ်းမြောင်ပဋိပက္ခ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ပါ အဆိုပြုချက်အရ နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂါဇာကမ်းမြောင် ဒေသအတွင်းသို့ ဝင်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ မသွားရောက်မီတစ်ရက်အလိုတွင် အစ္စရေးတာဝန်ရှိသူများက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့များကို ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်ခွင့်ပေးထားသည့် ဥပဒေမူဘောင်တစ်ရပ်ကို အစ္စရေးအစိုးရ လုံခြုံရေးအဖွဲ့က ဇူလိုင် ၂၆ ရက်တွင် အတည်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဝါရှင်တန်ခရီးစဉ်ကို ယနေ့တွင် စတင်မည်ဖြစ်ပြီး ဇူလိုင် ၂၈ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး အစီအစဉ်တွင် တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ပါ ဂါဇာကမ်းမြောင်ဒေသ တည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ကို အစ္စရေး ထိန်းချုပ်မှုအောက်၌ မရှိသော နယ်မြေများတွင်ချထားရန် အဆိုပြုထားသည်။

နိုင်ငံတကာ တည်ငြိမ်မှု ထိန်းသိမ်းရေးတပ်တွင် နိုင်ငံစုံတပ်ဖွဲ့ဝင် မော်ရိုကို၊ ယူဂန်ဒါ စသည့်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



Ref : Xinhua

Trs : KKO

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များ ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန် များ ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြု ကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် မကွေးတိုင်းဒေသ ကြီး ပခုက္ကူမြို့ရှိ နယ်မြေခံ တပ်ဌာနချုပ်၌ပြုလုပ်ရာ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များ၊ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ များ တက်ရောက်ကြသည်။



ရှေ့တန်းပြန်တပ်မတော်သားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ များက ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူ များ စိတ်အေးချမ်းသာစွာ နေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံ မှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ် ရေး၊ နယ်မြေအေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများ တွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင် ခဲ့သော ရှေ့တန်းပြန်တပ်မတော် သားများကို တက်ရောက်လာကြ သူများက အောင်သပြေခက်ကမ်း ၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများ ကို ဂုဏ်ပြုအမှာစကားပြောကြား ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ခဲ့သည်။

အလားတူ ယနေ့တွင် နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေ လုံခြုံရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိ လာသော ရှေ့တန်းပြန်နိုင်ငံ့သား ကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုပွဲများကို မကွေး တိုင်းဒေသကြီး စလင်းမြို့နှင့် ရေစကြိုမြို့တို့ရှိ နယ်မြေခံ တပ်ရင်းများတွင် ကျင်းပရာ သက်ဆိုင်ရာ တပ်နယ်အသီးသီး မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြကြောင်း သတင်း ရရှိသည်။

(ဉ၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၇

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင် များ၊ ပြိုင်ပွဲဝင်အားကစားသမား များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှု များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီ ဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၆ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (ဉ၀၁)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည် နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၇

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည် နေ့အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ် ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိ သူများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အရှေ့ မြောက်တိုင်းစစ်ဌာနချုပ် ၅၄ နှစ်မြောက် တိုင်းနှစ်ပတ်လည် နေ့ မိန့်ခွန်းပြောကြားသည်။ ထို့နောက် အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ခြင်းအခမ်း အနားကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်များ၊ အမျိုးသား၊ အမျိုးသမီး (အရာထမ်းများ) အတွက် ယူနီဖောင်းနှင့် smart အင်္ကျီများကို လည်းကောင်း၊ အိမ်ထောင်သည်ရဲမေများအတွက် တူညီဝတ်စုံများနှင့် အဝတ်ထည့် ပုံးများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိသည်။

(ဉ၀၁)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဒိုင်းဆုရရှိသော ပြင်ဦးလွင်တပ်နယ်အသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၂၇

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းက တိုင်းစစ်ဌာန ချုပ်ရှိ နန်းမြို့ကျောက်တိုင် အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက် ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက် ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ပြင်ဦးလွင်တပ်နယ် ကိုယ်စားပြုအသင်းနှင့် မိတ္ထီလာ တပ်နယ် ကိုယ်စားပြုအသင်းတို့ ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှု အားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်း လိုက်ဆုရရှိကြသူများ၊ ဒိုင်းဆု ရရှိသော ပြင်ဦးလွင်တပ်နယ် အသင်းတို့ကို တိုင်းမှူး၊ တာဝန်ရှိ သူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆု များ အသီးသီး ပေးအပ်ချီးမြှင့် ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံး ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲ မှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စုလေးစုခွဲကာ ဇူလိုင် ၁၅ ရက် မှ ယနေ့ထိ ယှဉ်ပြိုင်ကစား ခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။ (ဉ၀၁)

## ၂၇-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၇- ၃၆၆၈ | ၅၅၇- ၅၅၇.၆ | ၁၂၅.၅-၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၁၀၁,၃၄၄.၇၄ | ၃,၆၆၇,၅၉၀.၇၁ | ၁၄,၃၃၁,၃၂၂.၇၆ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စာရေးကိရိယာ၊ စားသုံးကုန်စည်၊ အီလက် ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန် ဒေါ်လာ ၅ ဒသမ ၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-13)ရှိ ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစီအမံများကိုရှင်းလင်းပြီး ကော်မတီဝင်များက တစ်ဦးချင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်များအနေဖြင့် အစိုးရ၏ဆောင်ရွက်ချက်များကို ပိုမိုသိရှိစေရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်အောင်မြင်ရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်တင်နိုင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွလာစေရေးအတွက် ပြန်ကြားရေး၊ မီဒီယာ၊ ဖျော်ဖြေရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ပြီး ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်မားတိုးတက်စေရေး အဖြေရှာ၍ လွှတ်တော်အနေဖြင့် အရွေ့တစ်ခုရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသောဥပဒေများကို လေ့လာပါက ကဏ္ဍတစ်ခုချင်းအလိုက်ရှိကြသော်လည်း အားလုံးပြည့်စုံစွာ လွှမ်းခြုံနိုင်သော ပြဋ္ဌာန်းချက်များ လိုအပ်နေသေးသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် စိစစ်ရမည့်ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရေး အသေးစိတ် လေ့လာကြစေလိုပါကြောင်း၊ ထို့ပြင် ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သူများဖြစ်လာအောင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အသင်း၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြုလက်မှတ်ရရှိပြီး ပြည်တွင်းတွင် နေထိုင်နေကြသည့် ဆေးဘက်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့်ပတ်သက်၍လည်း နိုင်ငံအတွက် လူသားအရင်းအမြစ်ဆိုင်ရာ ရှုထောင့်မှသုံးသပ်ပြီး (National Accreditation System)ကဲ့သို့ ပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ ပေါင်းကူးစနစ်များကိုလည်း လေ့လာသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း မူကြမ်းရေးဆွဲပြီးဖြစ်၍ ကော်မတီများ၏ လုပ်ဆောင်ချက်များကိုလည်း အဆိုပါစီမံကိန်းတွင်ထည့်သွင်း၍ နှိုင်းယှဉ်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အခြားဆက်စပ်သော ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေး၍ ကျန်းမာရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကျယ်ပြန့်စွာ စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျန်းမာရေးစင်တာများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် အားကစားဌာနများကိုလည်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်ပေါင်းစပ်၍ ကွင်းဆင်းကြည့်ရှုကာ လိုအပ်ချက်များကို တင်ပြနိုင်ရန် ဆောင်ရွက်စေလိုပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အရေးကြီးဆုံးအနေဖြင့် Universal Health Coverage (UHC) ကဲ့သို့သော လူတိုင်းအကျုံးဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အဆင့်ရောက်ရှိအောင်ဆောင်ရွက်ရန် နိုင်ငံတော်က ကြိုးစားဆောင်ရွက်နေပြီဖြစ်၍ ပထမအဆင့်အနေဖြင့် Primary Health Care First စနစ်ကဲ့သို့သော အခြေခံကျပြီး မရှိမဖြစ်လိုအပ်သော အခြေခံကျန်းမာရေးဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်နေသည့်နည်းလမ်းများကို လေ့လာရှာဖွေဖော်ထုတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ ကူညီအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အလှမ်းဝေးသောဒေသများတွင် Mobile Clinic, Telemedicine, Teleconsultation စနစ်များ လုပ်ဆောင်ရန်လည်း ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော ဆေးဝါးနှင့်အစားအစာများ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများကို ဖော်ထုတ်ပြီး ဥပဒေပြုခြင်း၊ FDA ခိုင်မာအားကောင်းစေရေးအတွက် FDA ဥပဒေကို ပြင်ဆင်ဆောင်ရွက်နိုင်ရေး လေ့လာသုံးသပ်သွားရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍လည်း တိုင်းရင်းဆေးဝါးဥပဒေများကို ပြန်လည်လေ့လာသုံးသပ်၍ အရည်အသွေးမြင့်သောတိုင်းရင်းဆေးများ ထွက်ပေါ်လာရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများမှတစ်ဆင့် နိုင်ငံအတွက်အားထားရသည့် အားကစားသမားကောင်းများဖြစ်ပေါ်လာရေး ပိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အားကစားကဏ္ဍမြင့်မားရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း၍ ဖြစ်နိုင်သမျှနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးခြင်း၊ ဥပဒေပြုပေးခြင်းဖြင့် လွှတ်တော်သည် နိုင်ငံအတွက် ကြီးစွာသော အထောက်အပံ့တစ်ခုဖြစ်လာစေရန်အတွက် လွှတ်တော်သက်တမ်းငါးနှစ်အတွင်း အကျိုးပြုသည့် ထူးခြားသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများအနေဖြင့် မိမိတို့လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်အောင် ပိုင်းဝန်းကြိုးစားဆောင်ရွက် ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ရက် ၃၀ မြောက်နေ့သို့ လာရောက်လေ့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်မှ ဧည့်သည်များကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး လွှတ်တော်များ၏ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၂ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ALP ဥက္ကဋ္ဌ စောမြရာဇာလင်း၊ အတွင်းရေးမှူး စောမြသန္တာ၊ တွဲဖက်အတွင်းရေးမှူး(၁) ခိုင်သူရိန်စိုးတင့်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ခိုင်မောင်သိန်းဦးနှင့် ခိုင်ဦးတင်ထွန်းတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA-S EAO ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းနှင့်မဆို တွေ့ဆုံဆွေးနွေးနိုင်ရန် လမ်းဖွင့်ထားပါကြောင်း၊ NCA-S EAO ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့်ဆက်လက်ဆွေးနွေးပြီး တစ်ဖွဲ့ချင်းနှင့်လည်း Bilateral တွေ့ဆုံဆွေးနွေး၍ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒများနှင့်အညီ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းက ပြည်သူလူထုကို ငြိမ်းချမ်းသည့် အမိုးအကာအောက်တွင် နေထိုင်နိုင်ရန် ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစတင်၍ ငြိမ်းချမ်းရေးလမ်းကြောင်းကိုလျှောက်လှမ်းခဲ့ပြီး NCA ကြိုးပမ်းစဉ် တစ်လျှောက်လုံး ရှေ့တန်းကပါဝင်၍ ယနေ့အချိန်ထိ ငြိမ်းချမ်းရေးကိုဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပဋိပက္ခများ ရပ်တန့်ရန် ငြိမ်းချမ်းရေးကိုဆွေးနွေးခြင်းဖြစ်ကြောင်း၊ NCA စာချုပ်ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးရလဒ်များနှင့်အညီ ကြိုးစားရန် အချိန်ကျနေပြီဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် အခွင့်ကောင်း၊ အချိန်ကောင်းဖြစ်ပါကြောင်းနှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို နိုင်ငံရေးရလဒ်များနှင့်အညီ တည်ဆောက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်ယုံကြည်မှုကို ထိခိုက်စေမည့် လုပ်ရပ်များမဖြစ်ပွားစေရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရှောဝတီတိုင်းဒေသကြီးတို့အတွင်း ရောက်ရှိနေသော ပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ကော်မတီများ ပြန်လည်ဖွဲ့စည်းမှုများ၊ နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးဆိုင်ရာလမ်းညွှန်မှာကြားချက်များကို အခြေခံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အလေးထားဆွေးနွေးအဖြေရှာနိုင်ရေး ပူးပေါင်းလုပ်ဆောင်သွားကြရန်နှင့် ALP အနေဖြင့် ရခိုင်ပြည်တည်ငြိမ်အေးချမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များနှင့် အထောက်အကူပြု ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# နေပြည်တော်ကိုဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကိုဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သည့် အစည်းအဝေးမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ MSME ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်မှသာ ရည်မှန်းထားသည့်ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ဒေသစီးပွားရေးကို အားကောင်းစေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရုံသာမက ဒေသအတွင်း စီးပွားရေးအပြင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်မည့်အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဆိုပါအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဒေသတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း**

# ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြဂနိုင်အသံတိတ်ရုပ်ရှင်ဇာတ်ကားပြသရာ ရုပ်ရှင်ချစ်ပြည်သူများ လာရောက်အားပေး

ရန်ကုန် ဇူလိုင် ၂၇

ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြဂနိုင် အသံတိတ်ရုပ်ရှင်ဇာတ်ကားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အဆိုပါ ဂုဏ်ပြုခံကဇာတ်ရုံ၌ပြသရာ ရုပ်ရှင်ချစ်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါမြဂနိုင်အသံတိတ်ရုပ်ရှင်ကားကို ၁၉၃၄ ခုနှစ်တွင် အေဝမ်းတင်မောင်က ပထမဆုံးရိုက်ကူးခဲ့သော အဖြူအမည်း အသံတိတ်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ချစ်ရွှေမြင့်မြင့်တို့ခေါင်းဆောင်၍ ဦးထွား၊ ဦးဘိုးသောင်၊ ဘိုးစောကြီး၊ ဖူး၊ စိုင်တင်၊ သာဂေါင်၊ ဂျမ်းစိန်၊ အေဝမ်းအဖွဲ့သားများ ပါဝင်ကြကြောင်း သိရသည်။

(သတင်းစဉ်)





**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

**၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်**

**2026 International Youth Day**

**“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”**

**“ Different Contexts, Common Aspirations ”**

# အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်ကို ဂုဏ်ပြုချီးမြှင့်

ပူတာအို ဇူလိုင် ၂၇

အသက် ၁၀၂ နှစ်ပြည့် ကချင်ပြည်နယ် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ဆန်ဒေါင်းဖေါင်(အငြိမ်းစား)ကို ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့တွင် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ“**အကြမ်းဖက် PDFတို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့စိတ်ဓာတ်**”ခေါင်းစဉ်ဖြင့် ၂၉-၇-၂၀၂၆ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် “**အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ**”ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | |
|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ Myawady Webportal | (https://myawady.net.mm) |
| ၅။ Myanmar National Portal | (https://myanmar.gov.mm) |

# နိုင်ငံတော်တိုးတက်ဖို့ စုစည်းညီညွတ်ကြပါစို့

ဝင်းဇင်(သုတေသန)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့သည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့လက်ထက်၌ စုစည်းညီညွတ်မှုအားဖြင့် အင်အားတောင့်တင်းခိုင်မာတိုးတက်သော နိုင်ငံတော်ကြီးများကို တည်ဆောက်နိုင်ခဲ့သည်။ သို့သော်ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက်ပိုင်းတွင် နယ်ချဲ့တို့၏သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားများကြား သံသယများကြီးထွားခဲ့သည်။ အစိုးရအဆက်ဆက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာအားကောင်းအောင်စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

နိုင်ငံတော်တိုးတက်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံးသည် လွတ်လပ်ရေးမဆုံးရှုံးမီက အားလုံးစုစုစည်းစည်းနေထိုင်ခဲ့ကြသည်။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်။ ထို့ပြင် လွတ်လပ်ရေးရရှိပြီးချိန်၌လည်း အမျိုးမျိုးသော သွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ပျက်ယွင်းခဲ့ရသည်။ ထို့ကြောင့် စုစည်းညီညွတ်သော ပြည်ထောင်စုကြီးတည်ဆောက်ရန် လိုအပ်ပေသည်။

**စုစည်းညီညွတ်သောတိုင်းပြည်**

ကျွန်တော်တို့ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပဓာနကျသောအချက်သည် တိုင်းရင်းသားညီအစ်ကိုအားလုံး၏ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ တိုင်းပြည်အတွင်း သဘာဝသယံဇာတနှင့် အရင်းအမြစ်များ ပေါကြွယ်ဝနေသည့်တိုင်အောင် ပြည်သူများကြား စည်းလုံးညီညွတ်မှုပျက်ပြားနေမည်ဆိုလျှင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားဖြစ်စေမည်ဖြစ်သည်။ ဆိုရလျှင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားများကြား စုစည်းညီညွတ်ကြမည်ဆိုလျှင် ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာမည်ဖြစ်သည်။ အထူးသဖြင့် လူမှုအသိုက်အဝန်းများကြား မတူကွဲပြားမှုများ၊ အငြင်းပွားမှုများ နည်းပါးလာပြီး စုစည်းညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဆိုလျှင် တိုင်းပြည်တိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးသည် စုစည်းညီညွတ်မှုပင်ဖြစ်သည်။ နိုင်ငံသားတိုင်းအနေဖြင့် We are Myanmar ဆိုသော စိတ်ဓာတ်နှင့် သာကြိုးပမ်းသွားမည်ဆိုလျှင် တိုင်းပြည်မတိုးတက်စရာအကြောင်းမရှိပေ။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီးအလိုက် စုစုစည်းစည်းညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်သွားမည်ဆိုလျှင် တိုင်းပြည်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်လာပြီး အေးချမ်းသာယာသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

**အလုပ်ဖြင့်သက်သေတည်**

စင်စစ်အားဖြင့် နိုင်ငံသားများ၏ လုပ်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပွဲအတွင်း ပြာပုံဖြစ်ခဲ့သော ဂျပန်နိုင်ငံသည် နိုင်ငံသားများ ပြင်းပြင်းထန်ထန် အလုပ်လုပ်သောကြောင့် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံသားများ၏ အလုပ်လုပ်နိုင်စွမ်းအပေါ် လုံးလုံးလျားလျားတည်မှီလျက်ရှိသည်။

အလုပ်ကြိုးစားသော နိုင်ငံသားတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်လာခြင်းသည် တိုင်းပြည်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)ကိုအထောက်အကူဖြစ်စေလျက်ရှိသည်။ အလုပ်လုပ်နိုင်သူ၊ စီးပွားရှာဖွေနိုင်သူများပြားလာသည်နှင့်အမျှ တိုင်းပြည်အတွက် ဝင်ငွေများတိုးတက်လာစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းအနေဖြင့် မိမိကျရာအခန်းကဏ္ဍ၌ ကျေပွန်စွာထမ်းဆောင်ပြီး အလုပ်ဖြင့်သက်သေတည်သွားရန်လိုအပ်သည်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင်**

စင်စစ်အားဖြင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းတွင် နိုင်ငံသားတိုင်းသည် စည်းကမ်းရှိကြသည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာကြသည်။ အသိပညာအတတ်ပညာကို ဆည်းပူးလေ့လာကြသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲပြီး အကျိုးရှိစွာအသုံးချကြသည်။ အထူးသဖြင့် ပြင်းပြင်းထန်ထန်အလုပ်လုပ်ကြသည်။ စည်းကမ်းသည် လူတိုင်းအတွက် အသက်တမျှအရေးပါသည်။ ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်

> **❖ လုပ်ငန်းခွင်များတွင် နိုင်ငံသားတိုင်း၏ စည်းကမ်းရှိမှုသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများပင် ဖြစ်သည်။ နိုင်ငံသားတိုင်းအနေဖြင့် အချိန်တိကျခြင်း၊ စည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာခြင်းနှင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခြင်းတို့သည် ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေသည်။ နိုင်ငံသားများစည်းကမ်းရှိမည်ဆိုလျှင် လေလွင့်ဆုံးရှုံးမှုနှင့် အချိန် ကြန့်ကြာမှုများ နည်းပါးလာပြီး မလိုလားအပ်သော ကုန်ကျစရိတ် များကိုလျှော့ချနိုင်ကာ ကုန်ထုတ်လုပ်မှုများတိုးတက်လာ မည်ဖြစ်သည်။ ❖**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျောင်းစည်းကမ်းစသည့်အခြေခံစည်းကမ်းများကို သိရှိလိုက်နာသွားရန်လိုအပ်သည်။

လုပ်ငန်းခွင်များတွင် နိုင်ငံသားတိုင်း၏စည်းကမ်းရှိမှုသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ နိုင်ငံသားတိုင်းအနေဖြင့် အချိန်တိကျခြင်း၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်းနှင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်းတို့သည် ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူဖြစ်စေသည်။ နိုင်ငံသားများစည်းကမ်းရှိမည်ဆိုလျှင် လေလွင့်ဆုံးရှုံးမှုနှင့် အချိန်ကြန့်ကြာမှုများ နည်းပါးလာပြီး မလိုလားအပ်သောကုန်ကျစရိတ်များကို လျှော့ချနိုင်ကာ ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကိုလည်း သိရှိနားလည်ပြီး တိကျစွာလိုက်နာသွားရန်လိုအပ်သည်။ ဥပဒေနှင့်မလျော်ညီသော လုပ်ရပ်များသည် လူ့အဖွဲ့အစည်းကို ထိခိုက်စေနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို နှောင့်နှေးကြန့်ကြာစေမည်ဖြစ်သည်။ No man is above the law ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ဥပဒေကိုတိကျစွာလိုက်နာသွားရန် လိုအပ်သည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဥပဒေသည် မည်သူ့ကိုမျှ မျက်နှာသာပေးမည်မဟုတ်ချေ။ ကျောသားရင်သားခွဲခြားမည်မဟုတ်ဘဲ တစ်ပြေးညီအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာမည်ဆိုလျှင် မှုခင်းများကျဆင်းကာ တရားဥပဒေစိုးမိုးမှုခိုင်မာအားကောင်းလာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းသည် အခြေခံအဆောက်အအုံများတိုးတက်မှုအပြင် နိုင်ငံသားတစ်ဦးချင်းစီ၏ စည်းကမ်းရှိမှုနှင့် စာရိတ္တတို့လည်း မြင့်မားလာစေရန်လိုအပ်သည်။ လူတိုင်းသည် တရားဥပဒေအရ လိုက်နာလုပ်ဆောင်ရသော တာဝန်၊ လူမှုရေးအရဆောင်ရွက်သောတာဝန်နှင့် စာရိတ္တမြင့်မားမှုဖြင့် ဆောင်ရွက်သော တာဝန်ဟူ၍တာဝန် သုံးရပ်ရှိနေသည်။ ထိုတာဝန်များအနက် စာရိတ္တမြင့်မားမှုဖြင့်ဆောင်ရွက်သော တာဝန်သည် အမြင့်ဆုံးဖြစ်သည်။ သာဓကအနေဖြင့် လမ်းပေါ်၌ အမှိုက်တွေ့လျှင်ကောက်ခြင်း၊ အများသုံးအိမ်သာခန်းများတွင် ရေပိုက်ခေါင်းများ ပွင့်နေလျှင်ပိတ်ခြင်း၊ မလိုအပ်သော မီးခလုတ်များကိုပိတ်ခြင်းသည် စာရိတ္တမြင့်မားသော နိုင်ငံသားတိုင်း၏လုပ်ဆောင်ချက်များပင်ဖြစ်သည်။

**အလေးထားပြောကြား**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည်။ အဆိုပါ အခမ်းအနားအပြီး ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားရာတွင် "လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လဲလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေ ရှိနေတာအမှန်ပါပဲ။ ဒါကိုစည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာ အကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံမဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာပြောပါရစေ"ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

**နိုင်ငံတော်တိုးတက်ဖို့ စုစည်းညီညွတ်ကြပါစို့**

စင်စစ်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ရေးမဆုံးရှုံးမီကာလက စုစည်းညီညွတ်ခဲ့ကြသည်။ ဒေသတွင်း၌ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ ခိုင်မာအားကောင်းသည့် ပြည်ထောင်စုကြီးအဖြစ်ရပ်တည်နိုင်ခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုဖြင့် နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း သွေးခွဲသပ်လျှိုမှုများကြောင့် တိုင်းရင်းသားများကြား စည်းလုံးညီညွတ်မှုပျက်ပြယ်ခဲ့ရသည်။ ထို့ကြောင့် မိမိတို့၏ပြည်ထောင်စုကြီးကို ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရန် ပြည်သူအားလုံး၏ စုစည်းညီညွတ်မှု၊ ကြိုးပမ်းအားထုတ်မှု၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာမှုတို့ဖြင့် တည်ဆောက်သွားကြပါစို့ဟု အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၀-၇-၂၀၂၆ ရက်ထုတ်သတင်းစာများ။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# President U Min Aung Hlaing attends inauguration of Wazira international-level red carpet theatre



President U Min Aung Hlaing addresses the inauguration of Wazira international-level red carpet theatre.

**Nay Pyi Taw July 27**

A ceremony to inaugurate the 103-year-old historical heritage Wazira Cinema as a Red Carpet Theatre took place on Bogyoke Aung San Road in Kyauktada Township of Yangon Region, yesterday morning, with the presence of President U Min Aung Hlaing.

Also present at the ceremony were Union Ministers U Mya Tun Oo, Lt-Gen Nyunt Win Swe, U Aung Kyaw Hoe, U Htein Linn, U Myo Zaw Thein, Dr Charlie Than, U Khin Maung Soe, U Tun Ohn, U Ye Myint Tun, U Myo Thant and U Maung Myint, Yangon Region Chief Minister U Aung Naing Thu, the Yangon Region Hluttaw Speaker and deputy speaker, the commander of the Yangon Command, deputy ministers and same-level dignitaries, members of the Yangon Region Cabinet, departmental officials, cultural councillors of foreign embassies in Myanmar, officials of organizations and artistes.

On arrival at the Wazira Red Carpet Theatre where the first session of the ceremony will be held, the President and party were warmly welcomed by officials. Union Minister for Information U Htein Linn, Union Minister for Hotels, Tourism and Culture U Maung Myint and Yangon Region Chief Minister U Aung Naing Thu cut the ribbon to inaugurate the theatre.

The President unveiled the signboard of the theatre and sprinkled scented water on the plaque.

The President viewed round the emergence of the Myanmar traditional orchestra, display of Myanmar musical instruments, the history of Pyinsa Rupa Nay Statue, the art of Myanmar marionette and the traditional Myanmar Mingala drum. Officials conducted the President round the exhibition.

At the second session held in the theatre, artistes from the Department of Fine Arts under the Ministry of Hotels, Tourism and Culture performed the song entertainment titled “Myanmar’s Wazira”.



President U Min Aung Hlaing sprinkles scented water on the plaque of the theatre.

At the ceremony, the President delivered a speech. He said: I am greatly honoured and delighted to have the opportunity to celebrate the successful restoration and upgrading of the over 100-year-old Wazira Cinema, an ancient historic heritage building regarded as the cultural heart of Yangon, into an internationally recognized Red Carpet Theatre while preserving its original architectural features.

The original Excelsior Cinema, which was later known as Wazira Cinema, was constructed by the Madan Theatre Company in 1923 and has now reached 103 years of history. The word “Excelsior,” derived from Latin, means “ever upward” or “still higher.” In keeping with its name, the cinema has provided entertainment to the public through successive eras while maintaining high standards of artistic excellence.

The cinema was renamed several times throughout its history. During the Japanese occupation in 1942, it was renamed “Yangon Cinema”, and in the post-war period, it was known as “A-1 Cinema”. Later, when cinemas were given Myanmar names on 24 March 1969, it was officially renamed “Wazira Cinema”.

The name “Wazira” is derived from the Pali word “Vajira,” meaning “a diamond-like, strong, brilliant, and valuable heritage” or “the thunderbolt weapon of King of the Devas (Indra)”. Therefore, the theatre that was renamed Wazira is not merely an entertainment venue; it can be said to stand as evidence of a historic theatre that represents Myanmar’s political, economic, and cultural developments throughout successive eras.

The theatre features a Beaux-Arts architectural style, which combines French architectural influences from the 16th to the 18th centuries, and is beautifully decorated with sculptures, relief works, and magnificent ornamental designs. On the front façade of Wazira Cinema, four grand Ionic-style stone columns can be seen standing prominently. The column capitals are adorned with intricate plaster carvings and gold-accented artistic decorations, showcasing world-class ancient architectural beauty.

The interior structure of Wazira Cinema is not designed like ordinary cinemas. It was systematically constructed as a multifunctional venue capable of hosting both live stage performances and film screenings. Its main distinctive feature is the incorporation of a properly designed proscenium stage, allowing artistes to perform and present theatrical productions.

The auditorium is divided into two levels: the ground-floor seating area and the upper-floor seating area. On both sides of the upper level, tall pillars rise proportionately up to the roof of the grand cinema, providing support for the ceiling structure. The theatre is as magnificent and splendid as the grand opera houses of old Europe, while its original historic architectural features remain prominent and well preserved to this day.

Wazira Cinema is a historic theatre that has contributed to the milestones of Myanmar’s film history and nurtured many outstanding artistic works. During the early era of Myanmar sound films, the landmark film “Sut Htoo Pan”, produced in 1929 by Director U Nyi Pu and featuring actors Maung Nyi Pu and actress Khin Khin Nu, was screened at this very cinema. The film was based on the world-famous novel “Camille” and *See Page 14*



President U Min Aung Hlaing presents a flower basket to performing artists.

# President of the Republic of Union of Myanmar U Min Aung Hlaing gives the keynote review and guidance address at handover and practical demonstration ceremony of technological projects completed by the Myanmar Space Agency (MSA) during the 100-Day Plan Period of the government

## As the world we live in is progressing and changing day by day, it is imperative that we understand space technology and be able to utilize it effectively



**President U Min Aung Hlaing gives a keynote review and guidance at the handover and practical demonstration ceremony of technological projects completed by the Myanmar Space Agency (MSA).**

**Nay Pyi Taw July 27**

The handover and practical demonstration ceremony of technological projects completed by the Myanmar Space Agency (MSA) during the 100-Day Plan Period of the government of the Republic of Union of Myanmar took place at MSA in Hlaine Township, Yangon Region this morning. President of the Republic of Union of Myanmar U Min Aung Hlaing gave the keynote review and guidance address.

Also present were union ministers, U Mya Tun Oo, Lt-Gen Nyunt Win Swe, U Aung Kyaw Hoe, and U Myo Thant, Chairman of the Space Science and Technology Development Commission U Myat Hein, Yangon Region Chief Minister U Aung Naing Thu, the Yangon Command commander, deputy ministers, members of the Commission, region ministers, officers of MSA and officials.

On arrival at the venue, the President was warmly welcomed by the Commission chairman and officials.

The chief executive officer of Myanmar Space Agency reported on the MSA's links and collaboration with international associate organizations and companies, related to space technology, domestic and international universities and colleges, ministries.



**President U Min Aung Hlaing goes round in the MSA exhibition hall.**

At the MSA exhibition hall, the President heard a report on scale model of an MAH-1ERS satellite. The President then observed the displays including MAH-1ERS satellite control station project, MSA has successfully implemented during the100-Day Plan Period of the government, progress of work and future programs, implementation process of the Earth Remote Sensing (ERS) Application Platform and future projects, Earth Remote Sensing's remarks and presentation on natural environment of Bago Township and regional development, satellite-based search and rescue systems, use of AI in space technology, the role of AI in research conducted by MSA, the advanced robotic system, bilateral e-library links between MSA and Belarus, provision of knowledge and fiction books and periodicals on space technology, computer science, engineering, mathematics, and physics, MSA's success in designing the solar sensor of MSA in the deep space exploration exhibition room, solar system installed in space, Satellite Maneuver Control System, electronic workshop, space weather exploration, space monitoring, outer space reconnaissance system, Automated Near-Earth Space Hazard Early Warning System, precious minerals and resources of the moon, moon obit exploration of MSA, designing and installing an insect-based flapping-wing micro air vehicle that can fly in Mars through research, the testing and implementation of AI-based autonomous landing technology for moon landers. He gave remarks and guidance on the reports presented by boot officials.




**President U Min Aung Hlaing hears reports at the MSA exhibition hall.**

When the handover and practical demonstration ceremony of technological projects completed by the Myanmar Space Agency (MSA) during the 100-Day Plan Period of the government began, the President opened the MAH-1 earth control station and Multi-Mission Operation Command and Control (MOCC) by pushing a button.

The President and attendees then watched a video clip on the accomplishments of MSA during the 100-Day Plan Period.

CEO Dr Soe Myint Maung of MSA handed over the 3D map data for the whole of Myanmar, and the President signed a certificate of honor for the MSA for its successful completion of the priority tasks during the 100-Day Plan Period.

*See Page 14*

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects National Library (Yangon) and National Museum (Yangon)


President U Min Aung Hlaing visits the National Museum (Yangon).


President U Min Aung Hlaing visits the National Library (Yangon).

**Nay Pyi Taw July 27**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of the entourage, the Yangon Region chief minister, the Yangon Command commander, and officials, inspected the National Library (Yangon) and the National Museum (Yangon) this afternoon.

**National Library (Yangon)**

The President and party arrived at the National Library (Yangon) of Historical Research and National Library Department under the Ministry of Hotels, Tourism and Culture, on Merchant Street, Pabedan Township and were welcomed by officials. At the conference hall of the library, the President heard a report on brief history of the library, implementation of the library digitalization, ongoing library services and propagation of library science, a children library, arrangements for students to conduct studies at the library and the records of their visits, opening of library diploma courses, provision of library book lending services, activities to disseminate library science, awareness of knowledge about art and literature copyrights, connections with international libraries and organizations and collaboration with them, and implementing of library services, presented by the librarian.

Regarding the presentations, the President emphasized the need to systematically implement library education dissemination activities. He noted that the government has been establishing libraries in towns and rural areas across the country, as well as supplying them with books, with the aim of supporting out-of-school education. However, he pointed out that the reading rate in Myanmar remains low and stressed the need to properly preserve and manage library collections. He said efforts should be made to encourage young people and those seeking knowledge to visit libraries to read and study, while also conducting public awareness campaigns to promote reading habits. The President added that, in line with technological advances, people can also access and study literature through online platforms. He emphasized that the National Library (Yangon) is one of the country's historic libraries and therefore must comprehensively preserve valuable historical books and publications. He said historical records reflect the nation's cultural values and authentic identity. He further stated that the National Library should serve as a repository of books, documents, and records that support the study of Myanmar's history, making it a meaningful and substantive institution. Reading about the country's history, he said, helps foster national spirit, patriotism, and love for the country, while also serving as a valuable resource for students and young people. The President stressed that books and publications are historically priceless assets and should be systematically preserved and passed on to future generations to prevent their loss. He also called for the establishment of public libraries in major cities across regions and states, in addition to existing libraries, to comprehensively preserve historically significant and valuable books, publications, journals, and newspapers.

The President then toured the National Library (Yangon), inspecting the Digital Library on the first floor; the Reference Reading Room, General Reading Room, and Rare Books Reading Room on the second floor; the Children's Library on the third floor; and the Data Center, book stacks, and exhibition gallery on the ground floor. He reviewed the books and publications on display, as well as the library's reading facilities, and gave necessary instructions based on the presentations made by officials. The President also presented honorary cash awards to library staff, which were accepted on their behalf by a responsible official.

**National Museum (Yangon)**

The President and members of the delegation then arrived at the National Museum (Yangon) on Pyay Road in Dagon Township, where they were welcomed by officials. At the museum's meeting hall, Director General U Kyaw Oo Lwin of the Department of Archaeology and National Museum under the Ministry of Hotels, Tourism and Culture briefed the President on the museum's background and history, its responsibilities, staff appointments, and the collection, preservation, and exhibition of artifacts. He also reported on visitor attendance, including domestic and international guests, members of the public, and students, as well as the condition of the museum's exhibition galleries and ongoing conservation work. The Director General further explained the museum's activities, including the hosting of domestic and international special exhibitions in the museum's multipurpose hall; efforts to nominate Myanmar's thanaka cultural tradition for inscription on the UNESCO list; educational talks organized to mark the 49th International Museum Day with a focus on youth development; panel discussions and exhibitions on Myanmar's intangible cultural heritage, highlighting the history, significance, preservation methods, and UNESCO nomination efforts for Myanmar tea culture; records of visits by state-level dignitaries from Myanmar and abroad; the organization of museum-related academic seminars; technical workshops aimed at developing a Digital Museum; capacity-building training programs and postgraduate diploma courses in museology for museum staff; cooperation with international museum organizations; and the museum's future work plans.

In response to the presentations, the President said that the National Museum serves as a showcase of the nation's history and cultural values, allowing visitors to appreciate the strength and continuity of Myanmar's historical heritage. He noted that those who visit the museum will gain a better understanding of the country's history and cultural values, fostering a greater sense of appreciation for and commitment to preserving them.He emphasized the need to present historical records from different eras in a comprehensive and well-organized manner so that visitors can follow the country's history in chronological sequence. Doing so, he said, will help people better understand and appreciate Myanmar's national identity, heritage, traditions, and the enduring cultural values of its race, religion, and civilization.

The President said that foreign visitors who come to Myanmar will gain a greater sense of respect and admiration for the country by viewing historical evidence and exhibits at the museum. They will also have the opportunity to experience Myanmar's rich cultural heritage and learn about the nation's glorious historical achievements. He added that visits to the museum would help young people better understand the value of history, foster patriotism and love for the country, and strengthen their commitment to safeguarding the nation's race, religion, and cultural heritage. The President also provided further guidance on other matters requiring attention.

The President then toured the National Museum (Yangon), inspecting the exhibits on the ground floor, including the Thiha Thana throne gallery, where royal thrones and ceremonial artifacts are displayed, and the Yadanabon Period Gallery, which features scale models of the Mandalay Royal Palace, palace furniture, royal attire worn by kings, queens, ministers, and military commanders, court ornaments and utensils,

*See Page 15*

*From Page 11*

was later exported for screening at film exhibitions in London, becoming another significant milestone in Myanmar's cinematic history.

During the Japanese occupation in the Second World War, the supply routes for importing film reels from abroad were disrupted, causing the film industry in Myanmar to come to a complete halt. During this wartime period, Wazira, which was then known as Excelsior, became the theatre that helped usher in the "Golden Age of Wartime Theatre", which represented the peak of Myanmar's theatrical world.

On the stage of Wazira, renowned writers and great playwrights such as Dagon Shwe Hmyar, Dagon Saya Tin, and Dagon Nu presented their world-famous plays in grand style. In particular, the great plays "Mamone Sekku" and "Pearl Garland" achieved great success on the Wazira stage, providing artistic support and comfort to the people who were suffering from anxiety and hardships during the war.

The outstanding artistic talents of great performers such as Pyi Hla Pe, May Shin, and Khin Maung Yin captivated the hearts of audiences on the stage of this theatre. They provided great spiritual encouragement and an avenue for artistic expression to the people who were enduring difficult and oppressive circumstances.

Wazira was also one of the leading cinemas where the film "Chit Thet Wai", which won the Best Film Award and the Best Actress Award for actress Kyi Kyi Htay at Myanmar's first-ever Film Awards Ceremony held in 1952, was screened.

After that, it also continuously screened and presented many excellent works by top artists such as Zeya, Kyaw Swe, Tun We, Pho Par Gyi, Shwe Ba, May Myint, Khin Yu May, and Win Min Than—who were princes and princesses of the cinema—thereby enhancing the prestige of Myanmar cinema. It was also a national-level stage.

After the nationalization in 1968, the Waziya Cinema continued to screen high-quality Myanmar films and remained a place of recreation and a cultural hub for the public. After 1988, it was revived as the Waziya Theatre, presenting plays such as "Gon Tu Gon Pyaing" and "Amei Chway Ma Hla Hla Lay" by the great master Bogalay Tint Aung and Gita Lulin U Ko Ko—creating unforgettable memories for many artists.

From an artistic perspective, the Wazira Cinema is a great heart that combines tangible and intangible cultural heritage, which are very unique in Myanmar's cultural history. While the beautiful and sturdy French architectural design, teak wall plaques, and the old cinema itself exist as tangible heritage, the Myanmar theatrical performances, music, dance, plays, and film presentations that took place on its stage also reflect intangible heritage, ensuring Wazira's continuity through history.

Therefore, the government has given special attention to preserving this invaluable cultural heritage for future generations. On July 19, 2025, the President personally came to inspect and gave necessary guidance.

Thanks to the relevant ministries and committees coordinating and striving to implement those guidelines, the Wazira Cinema has now been successfully opened as an internationally acclaimed Red Carpet Theatre. This was achieved by upgrading it with modern technology—including contemporary cinema seating, dual-purpose LED backdrop screens for both films and stage performances, and state-of-the-art sound systems—while carefully preserving and respecting the original historic architectural features.

Many countries have Opera Houses that specifically honour and grandly present classical cultural plays, great songs, and symphony orchestras. In Myanmar as well, the newly opened Wazira Theatre will become the only national-level theatre where traditional Myanmar music ensembles, anyeint performances, stage shows, classical dramas, and grand Myanmar plays can be presented with international-level splendor and dignity.

The artistic works to be presented at this theatre are not merely ordinary entertainment but are performances that preserve and promote Myanmar culture, embodying national prestige and dignity, which both Myanmar audiences and foreign visitors to Myanmar will be able to watch with pride.

This upgraded and revitalized Wazira Red Carpet Theatre is not solely for film screenings but will stand as a multi-purpose cultural hub for films, plays, stage dramas, puppetry, dance, and music events. It will establish a cultural and artistic performance calendar, featuring screenings of classic heritage films, performances by ethnic traditional cultural troupes, traditional Myanmar stage and music performances, special cultural exhibitions for tourists, and international film festivals. In the future, this internationally acclaimed Wazira Theatre will not only preserve cultural heritage but also greatly contribute to heritage tourism and the cultural economy.

The Wazira Cinema is not just an ordinary building made of bricks, sand, and stones; it is a historic museum that embodies the artistic spirits of artists from successive eras and the heartbeats of the audiences. The revival of the Wazira Cinema marks the opening of a new chapter in our nation's cultural history. In today's world, the complex currents of international culture are constantly flowing into Myanmar. To protect our own culture from erosion, we need the strength—hard, brilliant, and piercing like a "vajra"—to defend it.

Traditional culture is a very delicate yet powerful soft power. To preserve it, we need a strong spirit of valuing, respecting, taking pride in, and protecting it forever. Therefore, it is hoped that the newly opened internationally acclaimed Wazira Theatre will help preserve Myanmar's traditional culture from fading away, and it is believed that it will also provide invaluable artistic inspiration for future generations of artists. It is wished that the Wazira International Red Carpet Theatre, true to its name, will endure with strength and brilliance as long as the world exists.

Following this, the Union Minister for Information respectfully presented a commemorative gift for the opening of the Wazira International Red Carpet Theatre to the President.

Afterwards, the President and attendees watched a video clip about the Wazira International Red Carpet Theatre and then enjoyed congratulatory performances presented by the Myanmar Motion Picture Organization, the Myanmar Thabin Organization, the Myanmar Music Organization, renowned national puppeteers, and the Myanmar Comedians Association, including plays and musical depictions.

After the ceremony, the President presented commemorative flowers to the performing artists and greeted them warmly.

Subsequently, the President toured and inspected the sound system installations of the Wazira International Red Carpet Theatre and the documentary photos of the upgrading and renovation work that transformed the Wazira Cinema into an internationally acclaimed Red Carpet Theatre.

MNA

*From Page 12*

In his keynote review and guidance address at the ceremony, the President said **the formation of MSA and its work progress is a dream come through for the country.** Every country has its own visions and dreams for national development and advancement in technology. Regarding the space technology, the majority of world countries including Myanmar has the desire and goals to implement it. However, the work is easier said than done. The country had implemented the task in connection with the space technology with keen interest since the past. It has already generated and trained the human resources in advance. The President said while shouldering the State duties, he has sent scholars abroad to pursue space technology and related subjects. He has also given support and encourage from all angles for the development of space technology. Now, the systematically set up MSA is implementing its tasks.

He added that the government has fully provided the necessary equipment, infrastructure, and human resources for space technology, expressing pride in the step-by-step progress achieved. He stated that because **the planet we inhabit is constantly evolving, it is essential to understand space technology and effectively apply it for practical benefits.** He noted that space technology enables the detailed monitoring of geographic changes and natural disasters, such as volcanic eruptions and floods, both locally and globally. Performing research through satellite utilization yields substantial benefits for the planet, and integrating ground data with satellite information from space generates significant value. Consequently, mastering and applying space technology is imperative, as it will greatly contribute to national development.

He stated that he supported and implemented measures to advance the country's space technology in the long-term interest of the nation, noting that such progress will yield substantial benefits. He added that the analytical studies presented in today's research booths will significantly contribute to national interests. Furthermore, he emphasized that in addition to launching satellites into space, sending astronauts must also be achieved, as doing so will elevate national prestige while the resulting knowledge, technology, and data will greatly serve the state. He therefore called for systematic execution to ensure the success of all endeavors related to space technology development.

To achieve these goals, he emphasized the need to continuously nurture highly capable human resources equipped with knowledge and expertise. He stated that interest in space technology must be cultivated by organizing space knowledge and technology competitions and exhibitions, as well as by continuously modernizing space museums to keep pace with the times. He said that during his goodwill visits to technologically advanced foreign nations, he placed special emphasis on discussing opportunities to send scholars to study fundamental sciences, including mathematics, physics, and chemistry. He noted the necessity of offering scholarships in mathematics, chemistry, and physics within the country to ensure a steady pipeline of qualified talent, adding that excellence awards will likewise be granted for studies in economics and law. Stating that the advancement of space technology is a matter of national prestige, he urged all involved to ensure the success of these operations, reiterating that human resources, equipment, and infrastructure will continue to be provided and upgraded to facilitate further progress.

He concluded his address by expressing pride in the Myanmar Space Agency's efforts during the government's 100-day period, which contributed to these successful developments. He noted that **if continuous efforts are maintained with a focus on advancing the interests and socio-economic lives of the nation and its citizens, Myanmar will emerge as a country capable of taking pride in its space technology standing both regionally and globally**.

The President and attendees then took a commemorative group photo to mark the successful conclusion of the ceremony for the handover and practical demonstration of technical operations completed by the Myanmar Space Agency.

Following the ceremony, the President cordially met with the shortlisted astronaut candidates selected to serve as Myanmar's first astronauts, expressing immense pride and pleasure in meeting them. He noted that initiatives surrounding space technology and astronaut development had been initiated several years prior, and expressed gratification that the candidates had volunteered and been selected with a resolute commitment to serve as the nation's pioneer astronauts. He added that a multi-stage screening process will continue to select the nation's final first-generation astronauts. He noted that the candidates have successfully passed successive evaluations—including theoretical, practical, and health assessments—to reach their current status. Furthermore, as they are slated to receive training in space-related experience, knowledge, and technology, he highlighted that each candidate represents a valuable human resource in space technology for both themselves and the state.

He stated that, as individuals committed to serving as astronauts, they must carefully manage their lifestyle, diet, and daily routines with awareness and mindfulness to maintain optimal personal health and physical fitness. He urged them to continuously pursue knowledge, language proficiency, and modern technological advancements to support their future career paths. Expressing equal pride alongside their parents for their selection as Myanmar's first astronaut candidates to reach this stage, he concluded by emphasizing the importance of their continued dedication and efforts.

Following the meeting, the President cordially greeted the shortlisted candidates for Myanmar's first astronaut corps, according to reports.

MNA

# Waso Robe Offering Ceremony - 2026 of families of Office of Commander-in-Chief of Defence Services (Army, Navy and Air) held


General Ye Win Oo and wife Daw Nilar offer Waso robes and alms to a Sayadaw.

**Nay Pyi Taw July 27**

The auspicious Waso Robe Offering Ceremony -2026 of the families of Office of the Commander-in-Chief of Defence Services (Army, Navy and Air) was held at Anawrahta Hall of the Office of the Commander-in-Chief of Defence Services (Army, Navy, and Air) this morning and Commander-in-Chief of Defence Services General Ye Win Oo and his wife Daw Nilar attended the ceremony to offer alms and day meals.

The ceremony was graced by members of the Sangha led by Presiding Nayaka Sayadaw of Thirimingalar Wegyi Monastery Parittrati Sarthintaik in Pubbhathiri Township in Nay Pyi Taw in the Union Territory Abhidhaja Maha Ratha Guru Bhaddanda Adiccavamsa and Presiding Sayadaw of Aung Sithar Monastery in Pubbhathiri Township Agga Maha Pandita Agga Maha Saddhama Jotikadhaja Bhaddanta Vicakkhanna and also present together with the Commander-in-Chief of Defence Services and his wife were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Ku Ku, union ministers, the commander-in-chief (Navy) and his wife, the commander-in-chief (Air) and his wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives and responsible officers.

First, the Commander-in-Chief of Defence Services offered an emerald bowl of meals, fruits, flowers, water and lights to and pay obeisance to the Buddha Image in the hall.

Then, the ceremony was opened by reciting Namo Tassa three times and paying obeisance to Buddha images and the Commander-in-Chief of Defence Services and his wife and the congregation took the Nine Precepts from the Thiri Mingalar Wegyi Sayadaw before meditating on Metta Sutta Paritta recited by Sayadaws.

Afterward, the Commander-in-Chief of Defence Services and his wife offered a Waso robe and alms to the Thirimingalar Wegyi Sayadaw.

Then, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife offered a Waso robe and alms to the Aung Sithar Sayadaw.

Afterward, the congregation offered Waso robes and alms to members of the Sangha.

Then, the Commander-in-Chief of Defence Services and his wife and the congregation meditated on Anumodana sermon delivered by the Aungmyay Sithar Sayadaw and shared merits before conlcuding the ceremony by reciting Buddha Sasaman Ciram Tithatu three times.

After the ceremony, the Commander-in-Chief of Defence Services and his wife, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife and the congregation offered day meals to the Sayadaws and members of the Sangha.

100

*From Page 13*

as well as historical photographs and paintings. He also visited the Myanmar Script and Manuscripts Gallery, where displays illustrate the evolution of the Myanmar script, along with documentary evidence from different periods showing Myanmar consonants, vowels, and numerals. On the first floor, the President viewed the Natural History and Prehistoric Myanmar Gallery, which exhibits primate fossils, fossils from the Pondaung Formation and the Ayeyawady Formation, as well as archaeological evidence from the Stone Age, Bronze Age, and Iron Age. He also inspected the Royal Regalia Gallery, which displays royal regalia used on the right- and left-hand sides of the throne, together with non-regalia ceremonial objects. The President further toured the Myanmar Urban Civilization Gallery, where he viewed Buddha images from Andagu stone, terracotta votive tablets, decorated stucco friezes, reproductions of mural paintings, photographs and paintings of the pagodas of Bagan, ink rubbings of stone inscriptions dating from the 10th to 13th centuries AD, and artifacts representing craftsmanship from the Pinya period through the Konbaung period. At each exhibition, officials provided detailed explanations as the President toured the displays with keen interest.

In response to the presentations, the President said that visiting the National Museum and studying its historical exhibits enables people to appreciate the pride, dignity, and achievements of the Myanmar people, as well as the country's rich cultural heritage and the accomplishments of Myanmar's ethnic nationalities. He noted that the museum allows visitors to trace Myanmar's long historical development, inspires a greater commitment to preserving and promoting the cultural legacy of the nation's ancestors, and fosters a stronger sense of pride in being citizens of Myanmar. The President emphasized that the historical artifacts and records housed in the museum are invaluable and irreplaceable. Therefore, they must be properly preserved to prevent deterioration, while ensuring that visitors observe museum regulations when viewing the exhibits. He also instructed that the names and relevant information of donors who have contributed ancient artifacts to the museum should be displayed. In addition, he said that some photographic records and documents should be enhanced using modern technology to improve their clarity and presentation. The President further stressed that explanatory information accompanying historical exhibits should be written in a clear, systematic, and comprehensive manner so that monks, members of the public, students, foreign visitors, historians, researchers, social organizations, and civil servants can easily understand the historical evidence and information on display. He also gave further instructions on other matters requiring attention.

The President later signed the National Museum (Yangon) guestbook and presented honorary cash awards to the museum staff. The awards were accepted on behalf of the staff by a responsible official. MNA

# Iranian FM says won't let U.S. determine end of war

**Tehran July 27**

Iranian Foreign Ministry spokesman Esmaeil Baghaei said Monday that Tehran will not let the United States determine the war's end, Iran's semi-official Mehr news agency reported.

Noting that the United States has been "stuck in a quagmire" for five months, Baghaei said at a press briefing that Tehran will not allow the U.S. side "to determine the time of war and peace, and we will defend ourselves for as long as necessary."

He added that the United States was not involved in recent talks with Oman over the management of the Strait of Hormuz, which he described as "positive."

"These talks have no connection with the United States. They are a bilateral matter between Iran and Oman, and they are continuing," he said, noting that the waterway "remains closed."

Baghaei said that some Gulf countries have been involved in the U.S. war on Iran, without giving further details. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝဇီရာနိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဦးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးအောင်ကျော်ဟိုး၊ ဦးထိန်လင်း၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဦးမျိုးသန့်၊ ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်အဆင့်တူပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ယဉ်ကျေးမှုသံမှူးများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားအစီအစဉ် ပထမပိုင်းကျင်းပမည့် ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် မြန်မာ့ဆိုင်းဝိုင်းကြီးဖြစ်ပေါ်လာပုံနှင့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ ပဥ္စရူပနယားအရုပ်သမိုင်း၊ မြန်မာ့ရုပ်သေးသဘင်အနုပညာနှင့် မြန်မာ့ရိုးရာ မင်္ဂလာစည်တော်ကြီးတို့ကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံအတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားကို ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"မြန်မာမျက်ရှု ပြည်သူ့ဝဇီရာ"** သီချင်းဖြင့် ဂုဏ်ပြုဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မင်္ဂလာရှိ



ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ
ဦးမင်းအောင်လှိုင်ထံ
ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဦးထိန်လင်းက
ဝဇီရာနိုင်ငံတကာအဆင့်မီ
ဂုဏ်ပြုခံကဇာတ်ရုံ
ဖွင့်ပွဲအထိမ်းအမှတ်
လက်ဆောင်ကို
ဂါရဝပြုပေးအပ်စဉ်။

သည့်အခါသမယတွင် ရန်ကုန်မြို့၏ ယဉ်ကျေးမှုနှလုံးသားဟု တင်စားရမည့် နှစ်ပေါင်း တစ်ရာကျော်သက်တမ်းရှိပြီဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် ဝဇီရာရုပ်ရှင်ရုံကြီးကို မူလလက်ရာမပျက်ပြန်လည်မွမ်းမံပြီး နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အောင်မြင်စွာ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်သည်ကို ဂုဏ်ပြုခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ဝဇီရာရုံဟုခေါ်တွင်ခဲ့သည့် မူလအိတ်ဆယ်စီယာ(Excelsior)ရုံကြီးသည် ၁၉၂၃ ခုနှစ်ကတည်းက မေဒန်သီရေတာကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယခုအခါ နှစ်ပေါင်း ၁၀၃ နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အိတ်ဆယ်စီယာ(Excelsior) ဆိုသည့်စကားသည် လက်တင်ဘာသာစကားအရ **"အစဉ်မြှင့်တင်ခြင်း သို့မဟုတ် ပိုမိုမြင့်မားရာသို့"** (Ever upward/ Still Higher)ဟု အဓိပ္ပာယ်ရသည့်အတိုင်း ယခုရုံကြီးသည်လည်း ခေတ်အဆက်ဆက်မြင့်မားသည့် အနုပညာစံနှုန်းများနှင့်ပြည်သူများကို ဖျော်ဖြေမှုပေးခဲ့ကြောင်း။

ယခုရုပ်ရှင်ရုံကြီးကို ၁၉၄၂ ခုနှစ်ဂျပန်ခေတ်တွင်**"ရန်ကုန်ရုပ်ရှင်ရုံ"**၊ စစ်ပြီးခေတ်တွင် **"အေဝမ်းရုံ"(A-1 Cinema)** စသဖြင့် အမည်များ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း၊ ၁၉၆၉ ခုနှစ် မတ် ၂၄ ရက် ရုပ်ရှင်ရုံများကို မြန်မာအမည်ပြောင်းလဲသည့်အခါ **"ဝဇီရာရုပ်ရှင်ရုံ"** ဟု တရားဝင်အမည်ရရှိခဲ့ကြောင်း။

**"ဝဇီရာ"** ဟူသောအမည်သည် ပါဠိဘာသာ **"ဝဇိရ"**ကဆင်းသက်လာပြီး **"စိန်ကဲ့သို့ မာကျောတောက်ပြောင်သော၊ တန်ဖိုးရှိသော အမွေအနှစ်"** သို့မဟုတ် **"သိကြားမင်း၏မိုးကြိုးလက်နက်"**ဟု အဓိပ္ပာယ်ရကြောင်း၊

**ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာဆိုင်း၊ အငြိမ့်၊ သဘင်၊ ရိုးရာကဇာတ်ကြီးများနှင့် ဂန္ထဝင်မြန်မာ့ပြဇာတ်ကြီးများကို နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါစွာတင်ဆက်ကြည့်ရှုနိုင်မည့် တစ်ခုတည်းသော အမျိုးသားအဆင့်ကဇာတ်ရုံကြီးဖြစ်လာတော့မည်ဖြစ် . . .**

**ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံကြီးသည် ရုပ်ရှင်ပြသရန်သက်သက်သာမဟုတ်ဘဲ ရုပ်ရှင်၊ ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အကနှင့် ဂီတပွဲများကျင်းပရာ ဘက်စုံသုံးအနုပညာဗဟိုချက်(Cultural Hub)တစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ် . . .**

ထို့ကြောင့်လည်း ဝဇီရာဟုအမည်ပြောင်းခဲ့သည့် ကဇာတ်ရုံကြီးသည် ဖျော်ဖြေမှုအဆောက်အအုံ သက်သက်သာမဟုတ်ဘဲ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများကို ကိုယ်စားပြုသည့် သမိုင်းမှတ်တမ်းဝင် ကဇာတ်ရုံကြီးဖြစ်ကြောင်း သက်သေပြနေသည်ဟုဆိုနိုင်ကြောင်း။

ယခုကဇာတ်ရုံကြီးတွင် ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများနှင့်လှပခမ်းနားစွာတန်ဆာဆင်ထားကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကြီး၏ ရှေ့မျက်နှာစာတွင် အိုင်အိုနစ်(Ionic Style) ကျောက်တိုင်ကြီး လေးလုံးကို ခံ့ညားစွာတွေ့ရှိနိုင်ပြီး တိုင်ထိပ်များတွင် အနုစိတ်ထားသည့် အင်္ဂတေပန်းတော့လက်ရာများနှင့် ရွှေရောင်လွှမ်းသည့် အနုပညာလက်ရာများ ပါဝင်ဖွဲ့စည်းထားသော ကမ္ဘာ့အဆင့်မီရှေးဟောင်းဗိသုကာအလှအပများကို ထင်ရှားစွာမြင်တွေ့နိုင်ကြောင်း။

ဝဇီရာရုပ်ရှင်ရုံ၏ အတွင်းပိုင်းဖွဲ့စည်းပုံသည် ရိုးရိုးရုပ်ရှင်ရုံများကဲ့သို့မဟုတ်ဘဲ ကဇာတ်ပြဇာတ်များ တိုက်ရိုက်ကပြတင်ဆက်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းနှစ်မျိုးစလုံးကို ဘက်စုံသုံးပုံစံဖြင့် ဖျော်ဖြေနိုင်ရန် စနစ်တကျတည်ဆောက်ထားသည်ကို တွေ့ရကြောင်း၊ အဓိကထူးခြားချက်မှာ အနုပညာရှင်များတင်ဆက်ကပြနိုင်သည့် မုခ်ခုံးစင်မြင့်ဇာတ်ခုံ(Proscenium Stage)ကို စနစ်တကျထည့်သွင်း ဆောက်လုပ်ထားခြင်းပင်ဖြစ်ကြောင်း။

ပွဲကြည့်စင်ကို မြေညီထပ်ပွဲကြည့်စင်နှင့် အပေါ်ထပ်ပွဲကြည့်စင်ဟူ၍ နှစ်ထပ်ခွဲထားပြီး အပေါ်ထပ်၏ဘေးတစ်ဖက်တစ်ချက်တွင် ရုပ်ရှင်ရုံကြီး၏ အမိုးအထိ အချိုးကျထိုးတက်သွားသည့်တိုင်လုံးရှည်ကြီးများ (Tall Pillars)များနှင့် ခေါင်မိုးကိုထောက်ကူပေးထားသည်ကိုတွေ့ရကြောင်း၊ ရှေးခေတ် ဥရောပ အော်ပရာပြဇာတ်ရုံကြီးများကဲ့သို့ ထည်ဝါခမ်းနားလှပြီး မူလသမိုင်းဝင်လက်ရာများကို ယနေ့တိုင်ပေါ်လွင်စေပါကြောင်း။

ဝဇီရာရုပ်ရှင်ရုံကြီးသည် မြန်မာ့ရုပ်ရှင်၏ သမိုင်းဝင်မှတ်တိုင်များနှင့် အနုပညာလက်ရာကောင်းများစွာကို မွေးဖွားသန့်စင်ပေးခဲ့သည့် ရုပ်ရှင်ရုံကြီးပင်ဖြစ်ကြောင်း၊ မြန်မာ့အသံထွက် ရုပ်ရှင်ခေတ်ဦးကာလတွင် ကမ္ဘာကျော်ဝတ္ထုကြီး Camille ကို အခြေခံထားသည့် ၁၉၂၉ ခုနှစ်က ဒါရိုက်တာ ဦးညီပုရိုက်ကူးထုတ်လုပ်ခဲ့ပြီး သရုပ်ဆောင် မောင်ညီပု၊ မင်းသမီး ခင်ခင်နုတို့ ပါဝင်သည့် **"ဆုထူးပန်"** ဇာတ်ကားကြီးကို ယခုရုံကြီး၌ပင် ရုံတင်ပြသခဲ့ကြောင်း၊ ဆက်လက်ပြီး လန်ဒန်မြို့အခြေစိုက် ရုပ်ရှင်ပြပွဲများအထိ တင်ပို့ပြသခွင့်ရရှိခဲ့သည့်အတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်ကာလ နိုင်ငံခြားမှဖလင်လိပ်တင်သွင်းသည့်လမ်းကြောင်းများ ပြတ်တောက်သွားခဲ့ပြီး မြန်မာနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်းများ လုံးဝရပ်ဆိုင်းသွားခဲ့ကြောင်း၊ ထိုသို့စစ်အတွင်းကာလတွင် ဝဇီရာ၊ ထိုစဉ်က Excelsior သည် မြန်မာ့ပြဇာတ်လောက၏ အမြင့်မားဆုံးဖြစ်သည့် **"စစ်တွင်းပြဇာတ် ရွှေခေတ်"**ကို စတင်ပုံဖော်ပေးခဲ့သည့် ပြဇာတ်ရုံကြီးလည်းဖြစ်ခဲ့ကြောင်း။

ဝဇီရာ၏စင်မြင့်ပေါ်တွင် နာမည်ကြီးစာရေးဆရာ၊ ပြဇာတ်ဝိဇ္ဇာကြီးများဖြစ်ကြသည့် ဒဂုန်ရွှေမျှား၊ ဒဂုန်ဆရာတင်၊ ဒဂုန်နုတို့၏ ကမ္ဘာကျော်ပြဇာတ်ကြီးများကို ခမ်းနားစွာကပြတင်ဆက်ခဲ့ကြကြောင်း၊ အထူးသဖြင့် စစ်အတွင်း ဒုက္ခရောက်နေသည့် ပြည်သူများ၏ စိုးရိမ်စိတ်နှင့် မွန်းကျပ်နေမှုများကို အနုပညာဖြင့်ဖေးမကူညီပေးခဲ့သည့် **"မမုန်းစက္ကူ"**ပြဇာတ်ကြီးနှင့် **"ပုလဲကုံး"**ပြဇာတ်ကြီးများသည် ဝဇီရာစင်မြင့်ပေါ်တွင်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

အောင်ပွဲခံနိုင်ခဲ့ကြောင်း။

အနုပညာရှင်ကြီးများဖြစ်ကြသည့် ပြည်လှဖေ၊ မေရှင်၊ ခင်မောင်ရင်တို့၏ ပြောင်မြောက်သည့် အနုပညာစွမ်းရည်များသည် ယခုရုံကြီး၏စင်မြင့်ထက်တွင် ပြည်သူ့နှလုံးသားကို သိမ်းပိုက်ခဲ့ပြီး မွန်းကျပ်နေသည့် ပြည်သူများကို ကြီးမားလှသည့်စိတ်ဓာတ်ခွန်အားများနှင့် အနုပညာအသက်ရှူပေါက်ကိုပေးစွမ်းနိုင်ခဲ့ကြောင်း။

၁၉၅၂ ခုနှစ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးရုပ်ရှင်ဆုနှင့် မင်းသမီး ကြည်ကြည်ဌေး အမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့သည့် **“ချစ်သက်ဝေ”** ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ပြသခဲ့သည့်ထိပ်တန်းရုပ်ရှင်ရုံတစ်ရုံလည်းဖြစ်ကြောင်း။

ထို့နောက်တွင် မင်းသား၊ မင်းသမီးကြီးများဖြစ်ကြသည့် ဇေယျ၊ ကျော်ဆွေ၊ ထွန်းဝေ၊ ဖိုးပါကြီး၊ ရွှေဘ၊ မေမြင့်၊ ခင်ယုမေ၊ ဝင်းမင်းသန်းစသည့် ထိပ်တန်းအနုပညာရှင်ကြီးများ၏ လက်ရာကောင်းများစွာကိုလည်း စဉ်ဆက်မပြတ်ရုံတင် တင်ဆက်ပြသခဲ့ပြီး မြန်မာ့ရုပ်ရှင်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သည့် အမျိုးသားအဆင့် စင်မြင့်ကြီးလည်းဖြစ်ကြောင်း။

၁၉၆၈ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်းတွင်လည်း ဝဇီရာရုပ်ရှင်ရုံကြီးက အရည်အသွေးမြင့်မားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများကို ဆက်လက်ပြသပေးခဲ့ပြီး ပြည်သူများ၏ အပန်းဖြေစရာနှင့် ယဉ်ကျေးမှုဗဟိုချက်အဖြစ် ဆက်လက်တည်ရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်လည်း ဆရာကြီး ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်ဦးကိုကိုတို့၏ လက်ရာများဖြစ်သည့် **“ဂုဏ်တုဂုဏ်ပြိုင်”**၊ **“အမေ့ချွေးမလှလှလေး”** စသည့် ပြဇာတ်များနှင့် ဝဇီရာပြဇာတ်ရုံအဖြစ် ပြန်လည်အသက်ဝင်ခဲ့ခြင်းသည်လည်း အနုပညာရှင်များစွာအတွက် မမေ့နိုင်စရာအမှတ်တရများဖြစ်ကြောင်း။

ဝဇီရာရုပ်ရှင်ရုံကြီးသည် အနုပညာရှုထောင့်ကကြည့်ပါက မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင်အလွန်ထူးခြားလှသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပေါင်းစပ်ရာ နှလုံးအိမ်ကြီးဖြစ်ကြောင်း၊ လှပခိုင်ခံ့သည့် ပြင်သစ်ဗိသုကာလက်ရာ၊ ကျွန်းသစ်နံရံကတ်ပြားများနှင့် ရှေးဟောင်းရုပ်ရှင်ရုံကြီးသည် ဒြပ်ရှိအမွေအနှစ်အဖြစ်တည်ရှိနေချိန် စင်မြင့်ထက်တွင် ကပြတင်ဆက်ခဲ့ကြသည့် မြန်မာ့သဘင်၊ ဆိုင်း၊ ဂီတ၊ အက၊ ပြဇာတ်နှင့် ရုပ်ရှင်တင်ဆက်မှုများသည်လည်း ဒြပ်မဲ့အမွေအနှစ်အဖြစ် ထင်ဟပ်စေပြီး ဝဇီရာကို သမိုင်းစဉ်ဆက်ရှင်သန်စေခဲ့ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတွက် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ကြီးကို အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းနိုင်ရန် အထူးအလေးထားပြီး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိကိုယ်တိုင်ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ယခု ဝဇီရာရုပ်ရှင်ရုံကြီးကို လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း။

အဆိုပါ လမ်းညွှန်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကော်မတီများက ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးစားအကောင်အထည်ဖော်နိုင်ကြသဖြင့်သာ ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre) အဖြစ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မူလသမိုင်းဝင်ဗိသုကာလက်ရာများကို မပျက်စီးစေဘဲ အလေးပေးတန်ဖိုးထားမှုများနှင့်အတူ ခေတ်မီရုပ်ရှင်ကြည့် ထိုင်ခုံများ၊ ရုပ်ရှင်နှင့်ပြဇာတ်ပါ နှစ်မျိုးသုံးနိုင်သည့် LED နောက်ခံ Screen များနှင့် နောက်ဆုံးပေါ်အသံလုံစနစ်များ စသည့် ခေတ်ပေါ်နည်းပညာများ ပေါင်းစပ်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံအများစုတွင် ဂန္ထဝင်ယဉ်ကျေးမှုပြဇာတ်ကြီးများ၊ သီချင်းကြီးများနှင့် သံစုံတီးဝိုင်းများကို သီးသန့်တန်ဖိုးထားပြီး တခမ်းတနား တင်ဆက်ကပြကြည့်ရှုလေ့ရှိသည့် အော်ပရာပြဇာတ်ရုံကြီးများ(Opera Houses) ရှိနေကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာဆိုင်း၊အငြိမ့်၊ သဘင်၊ ရိုးရာကဇာတ်ကြီးများနှင့် ဂန္ထဝင်မြန်မာ့ပြဇာတ်ကြီးများကို နိုင်ငံတကာအဆင့်မီခမ်းနားထည်ဝါစွာတင်ဆက်ကြည့်ရှုနိုင်မည့် တစ်ခုတည်းသော အမျိုးသားအဆင့်ကဇာတ်ရုံကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း။

ယခုကဇာတ်ရုံကြီးတွင် တင်ဆက်မည့် အနုပညာလက်ရာများသည် ရိုးရိုးဖျော်ဖြေရေး သက်သက်မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းမြှင့်တင်ပြီး ဂုဏ်သိက္ခာရှိသည့်၊ အမျိုးသားအဆင့်ဂုဏ်ဒြပ်ကို ဖော်ဆောင်နိုင်သည့် တင်ဆက်မှုများကို မြန်မာပြည်သူပရိသတ်များနှင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ဧည့်သည်များ ဂုဏ်ယူစွာ ကြည့်ရှုခံစားနိုင်တော့မည်ဖြစ်ကြောင်း။

ယခုအဆင့်မြှင့်တင်ပြီး ပြန်လည်အသက်သွင်းလိုက်သည့် ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံကြီးသည် ရုပ်ရှင်ပြသရန် သက်သက်သာမဟုတ်ဘဲ ရုပ်ရှင်၊ ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊အကနှင့် ဂီတပွဲများကျင်းပရာဘက်စုံသုံးအနုပညာဗဟိုချက်(Cultural Hub)တစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနုပညာဖျော်ဖြေရေးပြက္ခဒိန်ရေးဆွဲပြီး ရှေးဟောင်းအမွေအနှစ်ရုပ်ရှင်ကားများပြသခြင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေခြင်း၊ မြန်မာ့ရိုးရာသဘင်နှင့် ဂီတဖျော်ဖြေပွဲများကျင်းပခြင်း၊ ကမ္ဘာလှည့်ခရီးသွားများအတွက် ယဉ်ကျေးမှုအထူးပြပွဲများ ကျင်းပပေးခြင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ ကျင်းပခြင်း စသည့်အနုပညာလှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံကြီးသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရုံသာမက ရှေးဟောင်းအမွေအနှစ် ခရီးသွားလုပ်ငန်း (Heritage Tourism)နှင့် ယဉ်ကျေးမှုစီးပွားရေး(Cultural Economy)တို့နှင့် ပတ်သက်ပြီး များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း။

ဝဇီရာရုပ်ရှင်ရုံကြီးသည် အုတ်၊သဲ၊ကျောက်များနှင့် တည်ဆောက်ထားသည့် သာမန်အဆောက်အအုံတစ်ခုသာမဟုတ်ဘဲ ဖြတ်သန်းခဲ့သည့် ခေတ်အဆက်ဆက်မှ အနုပညာရှင်များ၏ အနုပညာဝိညာဉ်နှင့် ပြည်သူပရိသတ်များ၏ ရင်ခုန်သံများကိန်းဝပ်နေသည့် သမိုင်းဝင်ပြတိုက်ကြီးတစ်ခုဟုသာ ပြောရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝဇီရာရုပ်ရှင်ရုံကြီး ပြန်လည်ရှင်သန်နိုးထလာခြင်းသည် မိမိတို့နိုင်ငံ၏အမျိုးသားယဉ်ကျေးမှုသမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အဆိုးအကောင်းရောပြွန်းနေသည့် နိုင်ငံတကာယဉ်ကျေးမှုရေစီးကြောင်းကြီးသည် မြန်မာနိုင်ငံကိုလည်း အကြားအလပ်မရှိ စီးဝင်ထိုးဖောက်ဝင်နေကြောင်း၊ မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုများ မကျိုးကြေသွားစေရန် “ဝဇီရာ”ကဲ့သို့ မာကျော၊ တောက်ပ၊ ထွင်းဖောက်နိုင်သည့်စွမ်းအားနှင့်သာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရိုးရာယဉ်ကျေးမှုဆိုသည်မှာ အလွန်နူးညံ့သိမ်မွေ့ပြီးစွမ်းအားရှိသည့်(Soft Power)ဖြစ်ခြင်းကြောင့် ထိန်းသိမ်းနိုင်ရန်အတွက် တန်ဖိုးထားလေးစားဂုဏ်ယူပြီး ထာဝရတည်တံ့အောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် ခိုင်မာသည့်စိတ်ဓာတ်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတွက် ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာနိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မပျောက်ပျက်အောင်ထိန်းသိမ်းပေးနိုင်မည်ဟု မျှော်လင့်သကဲ့သို့ အနာဂတ်အနုပညာမျိုးဆက်သစ်များအတွက်လည်း အဖိုးတန်အနုပညာလင်းရောင်ခြည်များ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံကြီးသည် နာမည်နှင့် လိုက်ဖက်စွာ ကမ္ဘာတည်သရွေ့ ခိုင်မာ၊ တောက်ပစွာတည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံဆိုင်ရာ Video Clip ကို ကြည့်ရှုကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ နိုင်ငံကျော်ရုပ်သေးပညာရှင်များ၊မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့၏ ဂုဏ်ပြုတင်ဆက်မှုများ၊ ပြဇာတ်၊ တေးသရုပ်ဖော်တို့ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းချီးမြှင့်ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဝဇီရာနိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ၏ အသံစနစ်တပ်ဆင်ထားရှိမှုနှင့် ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီ(MSA)က ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားသို့တက်ရောက်၍ သုံးသပ်လမ်းညွှန်မှာကြား

## မိမိတို့နေထိုင်သည့်ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရမည်၊ အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာအာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီ (MSA)က ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများ အပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာအာကာသအေဂျင်စီ(MSA)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ သုံးသပ်လမ်းညွှန်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးမျိုးသန့်၊ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြတ်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ (MSA) မှ အရာထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ရောက်ရှိရာ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြတ်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ်က မြန်မာအာကာသအေဂျင်စီနှင့် နိုင်ငံတကာမှ အာကာသနည်းပညာဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်ကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်များ၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာအာကာသအေဂျင်စီပြခန်းဆောင်သို့ရောက်ရှိရာ မြန်မာအာကာသအေဂျင်စီ

**အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို ပိုမိုမြင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့် အသိပညာ၊ နည်းပညာနှင့်အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်. . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာအာကာသအေဂျင်စီ(MSA)ပြခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အမှုဆောင်ချုပ်က မြန်မာအာကာသအေဂျင်စီ MAH-1 ERS ဂြိုဟ်တုပုံစံငယ် ပြုလုပ်ထားရှိမှုကို ရှင်းလင်းပြသသည်။ ထို့နောက် မြန်မာအာကာသအေဂျင်စီပြခန်းအတွင်း၌ ခင်းကျင်းပြသထားသည့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီမှ အောင်မြင်စွာအကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် MAH-1 ဂြိုဟ်တုစီမံထိန်းချုပ်ရေး စခန်းဆိုင်ရာများ၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ Earth Remote Sensing (ERS) Application Platform ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံချက်များ၊ ပဲခူးမြို့နယ်၏ သဘာဝပတ်ဝန်းကျင်နှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို Earth Remote Sensing နည်းပညာဖြင့် လေ့လာသုံးသပ်တင်ပြချက်များ၊ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ်ဆိုင်ရာများ၊ အာကာသနည်းပညာတွင် AI အသုံးပြုမှုများ၊ မြန်မာအာကာသအေဂျင်စီမှ သုတေသနလုပ်ငန်းများတွင် AI ၏ အခန်းကဏ္ဍများ၊ AD-VANCED ROBOTIC SYSTEM၊ မြန်မာအာကာသအေဂျင်စီနှင့် ဘယ်လာရုစ်နိုင်ငံ စာကြည့်တိုက်ကြား E-Library အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ Library အတွင်း အာကာသသိပ္ပံနည်းပညာဆိုင်ရာ၊ ကွန်ပျူတာနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ၊ သင်္ချာနှင့် ရူပဗေဒဆိုင်ရာတို့အပါအဝင် သုတရသစာအုပ်စာစောင်များ ဖြည့်သွင်းထားရှိမှု၊ အာကာသအတွင်း နက်ရှိုင်းစွာလေ့လာမှုပြခန်းအတွင်းရှိ မြန်မာအာကာသအေဂျင်စီမှ နေအာရုံခံကိရိယာကို အောင်မြင်စွာ ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်မှု၊ အာကာသအတွင်း တပ်ဆင်အသုံးပြုသည့် ဆိုလာစနစ်၊ ဂြိုဟ်တုရွေ့လျားထိန်းချုပ်မှုစနစ်၊ အီလက်ထရောနစ်ဆိုင်ရာအလုပ်ရုံ၊ အာကာသရာသီဥတု စူးစမ်းလေ့လာခြင်း၊ အာကာသအခြေအနေ စောင့်ကြည့်လေ့လာခြင်း၊ ပြင်ပအာကာသထောက်လှမ်းရေးစနစ်၊ ကမ္ဘာ့အနီးအာကာသအန္တရာယ်အလိုအလျောက် ကြိုတင်သတိပေးစနစ်၊ လကမ္ဘာ၏ အဖိုးတန်သတ္တုများနှင့် သယံဇာတများ၊ မြန်မာအာကာသအေဂျင်စီမှ လကမ္ဘာပတ်လမ်း စူးစမ်းလေ့လာရေး ဆောင်ရွက်ထားရှိမှု၊ အင်္ဂါဂြိုဟ်တွင် ပျံသန်းနိုင်သောအင်းဆက်အခြေခံတောင်ပံခတ် လေယာဉ်ငယ် ဒီဇိုင်းကို သုတေသနပြုတည်ဆောက်ခြင်း၊ လဆင်းယာဉ်များအတွက် AI အခြေပြု အလိုအလျောက်ဆင်းသက်ခြင်း နည်းပညာ စမ်းသပ်ဆောင်ရွက်ထားရှိမှုတို့ကို ပြခန်းတစ်ခုချင်းစီအလိုက်စိတ်ပါဝင်စားစွာလိုက်လံကြည့်ရှုခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ်

**စာမျက်နှာ ၁၉ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “MAH-1 ဂြိုဟ်တုမြေပြင်ထိန်းချုပ်ရေးစခန်းနှင့် Multi-Mission Operation Command and Control (MOCC)” ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာအာကာသ အေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်က မြန်မာတစ်နိုင်ငံလုံး၏ 3D မြေပုံ အချက်အလက်များကို အပ်နှံစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

လိုအပ်သည်များ သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ အာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက “MAH-1 ဂြိုဟ်တုမြေပြင်ထိန်းချုပ်ရေး စခန်းနှင့် Multi-Mission Operation Command and Control (MOCC)” ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်အစိုးရ၏ ရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ အာကာသအေဂျင်စီမှ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များ၏ မှတ်တမ်း Video ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်က မြန်မာတစ်နိုင်ငံလုံး၏ 3D မြေပုံအချက်အလက်များကို အပ်နှံတင်ပြပြီး နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်း မြန်မာ အာကာသအေဂျင်စီမှ ဦးစားပေး နည်းပညာများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ဂုဏ်ပြုလက်မှတ် ရေးထိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းနှင့်ပတ်သက်၍ သုံးသပ်လမ်းညွှန်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာအာကာသအေဂျင်စီ ဖွဲ့စည်းနိုင်မှုနှင့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်နည်းပညာဆိုင်ရာ တိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ ရည်မှန်းချက်များ ကိုယ်စီရှိကြကြောင်း၊ အာကာသနည်းပညာနှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် စိတ်ကူးများ၊ ရည်မှန်းချက်များကိုယ်စီရှိကြကြောင်း၊ သို့သော်လည်း အဆိုပါရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရသည်မှာ လွယ်ကူသည့် လုပ်ငန်းရပ်တစ်ခုမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာကာသနည်းပညာနှင့်ပတ်သက်၍ ယခင်ကတည်းကပင် စိတ်ဝင်တစားဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ လူသားအရင်းအမြစ်များလည်း ကြိုတင်မွေးထုတ် လေ့ကျင့်ပေးပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်တွင် အာကာသနှင့် သက်ဆိုင်သည့် နည်းပညာရပ်များ သင်ကြားနိုင်ရန်အတွက် ပြည်ပသို့ ပညာတော်သင်များကို စေလွှတ်ခဲ့ကြောင်း၊ ထို့ပြင် အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်း ဘက်ပေါင်းစုံမှအားပေးဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေတွင် မြန်မာ အာကာသအေဂျင်စီကိုစနစ်တကျဖွဲ့စည်း၍ လုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

အာကာသနည်းပညာဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့်စက်ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်များ ဖြည့်တင်းရေးနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့နေထိုင်သည့်ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်ဖြစ်သဖြင့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရမည်၊ အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့် ပထဝီမြေပြင်ပြောင်းလဲမှုဆိုင်ရာများ၊ မီးတောင်များပေါက်ကွဲခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို အာကာသနည်းပညာအသုံးပြု၍ အသေးစိတ်အချက်အလက်များကိုသိရှိနိုင်ကြောင်း၊ ထိုသို့ဂြိုဟ်တုများအသုံးပြု၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာမြေပြင်အတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြေပြင်အချက်အလက်များကို အာကာသတွင်းရှိ ဂြိုဟ်တုများမှရရှိသည့် အချက်အလက်များနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊သို့ဖြစ်၍အာကာသနည်းပညာကို မိမိတို့အနေဖြင့် မဖြစ်မနေအသုံးချနိုင်ရမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအကျိုးရှိစေနိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အာကာသနည်းပညာ မြင့်မားတိုးတက်လာစေရေးအတွက် မိမိအနေဖြင့် နိုင်ငံတော်၏ရေရှည်အကျိုးကို ကြည့်၍ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အာကာသနည်းပညာများ တိုးတက်လာခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ယနေ့သုတေသနပြခန်းများအတွင်း ပြသထားသည့်လေ့လာဆန်းစစ်မှုများသည်လည်း နိုင်ငံ၏အကျိုးစီးပွားအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်းစေလွှတ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့် အသိပညာ၊ နည်းပညာနှင့်အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို အောင်မြင်အောင် စနစ်တကျဖြင့်ဆောင်ရွက်သွားကြစေလိုကြောင်း။

ထို့ကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကိုလည်း မိမိတို့အနေဖြင့် စဉ်ဆက်မပြတ်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ အာကာသဗဟုသုတနှင့် နည်းပညာဆိုင်ရာပြိုင်ပွဲများ၊ ပြပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အာကာသပြတိုက်ကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များရောက်ရှိစဉ် သိပ္ပံနည်းပညာရပ်များဖြစ်သည့် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒတို့နှင့်ပတ်သက်၍ ပညာတော်သင် သင်တန်းသားများ စေလွှတ်ခွင့်ရရှိရေးအတွက် အလေးအနက်ထားဆွေးနွေး ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်တို့နှင့်ပတ်သက်၍ ပညာတော်သင်ဆုများပေးအပ်ပြီး မိမိတို့နိုင်ငံ၏လူသားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်ပေးရန်လိုကြောင်း၊ အလားတူစီးပွားရေး၊ ဥပဒေပညာရပ်များနှင့်ပတ်သက်၍လည်း ပညာသင်ထူးချွန်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အာကာသနည်းပညာတိုးတက်ရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာပင်ဖြစ်သည့်အတွက် လုပ်ငန်း ဆောင်ရွက်မှုများအားလုံး အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုထက် ပိုမိုဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ၊ စက်ပစ္စည်းကိရိယာများ၊ အခြေခံအဆောက်အအုံများကိုလည်း ဆက်လက်ဖြည့်ဆည်းတည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း။

မြန်မာအာကာသအေဂျင်စီအနေဖြင့် အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း ယခုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုများအောင်မြင်တိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးမှုများအတွက်လည်း ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့အလယ်တွင် အာကာသနည်းပညာဆိုင်ရာနှင့်ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားနိုင်သော နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သုံးသပ်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာ လုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံမှပထမဆုံးသော အာကာသယာဉ်မှူးတာဝန် ထမ်းဆောင်ရန်အတွက် ပဏာမရွေးချယ်ထားရှိသော အာကာသ ယာဉ်မှူးလောင်းများကို

စာမျက်နှာ ၂၀ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လူငယ်လူရွယ်များနှင့် အသိပညာဗဟုသုတရှာမှီးလိုသူများအနေဖြင့် စာကြည့်တိုက်သို့လာရောက်၍ စာပေများဖတ်မှတ်လေ့လာနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ စာအုပ်စာပေများဖတ်ရှုလေ့လာစေရေး စည်းရုံးပညာပေးဆောင်ရွက်သွားကြရန်လို . . .**

## အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စာကြည့်တိုက်ညီလာခံခန်းမ၌ စာကြည့်တိုက်တာဝန်ခံက စာကြည့်တိုက်သမိုင်းအကျဉ်းနှင့် စာကြည့်တိုက်လုပ်ငန်းစဉ်များ၊ ဒစ်ဂျစ်တယ်စာကြည့်တိုက်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကလေးစာကြည့်တိုက် ဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက်သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ပေးထားမှုနှင့် လာရောက်လေ့လာမှုမှတ်တမ်းများ၊ စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိမှု၊ စာကြည့်တိုက်မှ စာအုပ်ငှားရမ်းဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးထားမှု၊ စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာစာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှုနှင့် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စာကြည့်တိုက်ပညာပြန့်ပွားရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းပြင်ပ ပညာရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျေးလက်ဒေသများအပါအဝင် အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များကို တည်ဆောက်ပေးလျက်ရှိပြီး စာအုပ်စာပေများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၌ စာပေဖတ်ရှုသူနှုန်းမှာ နည်းပါးနေဆဲဖြစ်ပြီး စာကြည့်တိုက်များရှိ စာအုပ်စာပေများကို စနစ်တကျဖြင့် ထိန်းသိမ်း ဆောင်ရွက်သွားရန်လည်း လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ လူငယ်လူရွယ်များနှင့် အသိပညာဗဟုသုတရှာမှီးလိုသူများအနေဖြင့် စာကြည့်တိုက်သို့လာရောက်၍ စာပေများဖတ်မှတ်လေ့လာနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ စာအုပ်စာပေများဖတ်ရှုလေ့လာစေရေး စည်းရုံးပညာပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်ကာလတိုးတက် ပြောင်းလဲလာသည်နှင့်အညီ အွန်လိုင်းမှတစ်ဆင့်လည်း စာပေများကို ဖတ်မှတ်လေ့လာခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် နိုင်ငံတော်၏သမိုင်းဝင် စာကြည့်တိုက်ကြီး တစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ အဖိုးတန်သမိုင်းဝင် စာအုပ်စာစောင်များကို ပြည့်ပြည့်စုံစုံထိန်းသိမ်းထားရှိသွားရန်လိုပြီး သမိုင်းကြောင်းအထောက်အထားများသည် နိုင်ငံတော်၏ယဉ်ကျေးမှုတန်ဖိုးများ၊ ပုံရိပ်မှန်များပင်ဖြစ်ကြောင်း၊ သမိုင်းကိုအထောက်အကူပြုသည့် စာအုပ်စာပေများ၊ မှတ်တမ်းများကို ထားရှိသည့် စာကြည့်တိုက်တစ်ခုဖြစ်ရန်လိုပြီး အနှစ်သာရရှိသည့် စာကြည့်တိုက်ဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို ဖတ်ရှုလေ့လာရခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်များရှင်သန်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက်လည်း အထောက်အကူဖြစ်စေမည့် စာကြည့်တိုက်ဖြစ်ရန်လိုကြောင်း၊ စာအုပ်စာပေများသည် သမိုင်းကြောင်းအရ တန်ဖိုးမဖြတ်နိုင်သည့် အရာများဖြစ်သည့်အတွက် မပျောက်ပျက်စေရေး စနစ်တကျနှင့်လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူဦးရေများပြားသော မြို့ကြီးများ၌ စာကြည့်တိုက်များအပြင် သမိုင်းကြောင်းအရ အဖိုးမဖြတ်နိုင်သည့်၊ တန်ဖိုးရှိသည့် စာအုပ်၊ စာပေများ၊ စာစောင်များ၊ သတင်းစာများပြည့်ပြည့်စုံစုံဖြင့် ထိန်းသိမ်းထားရှိသည့် ပြည်သူ့စာကြည့်တိုက်များကို ဖော်ဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပထမထပ်ရှိ ဒစ်ဂျစ်တယ်စာကြည့်တိုက်၊ ဒုတိယထပ်ရှိ ရည်ညွှန်းစာဖတ်ခန်း၊ အထွေထွေ စာဖတ်ခန်း၊ ရှားပါးစာဖတ်ခန်း၊ တတိယထပ်ရှိ ကလေးစာကြည့်တိုက်၊ မြေညီထပ်ရှိ Data Center၊ စာအုပ်စင်ခန်းနှင့် ပြခန်းငယ်တို့အတွင်း ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် စာဖတ်ခန်းများ ပြုလုပ်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၁၉ မှအဆက်

ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိမိတို့နိုင်ငံအတွက် ပဏာမရွေးချယ်ထားသည့် အာကာသယာဉ်မှူးလောင်းများကို ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အာကာသနည်းပညာဆိုင်ရာနှင့် အာကာသယာဉ်မှူးများမွေးထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွန်ခဲ့သည့်နှစ်အနည်းငယ်ကတည်းကပင် စတင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ ပထမဆုံးသောအာကာသယာဉ်မှူးများအဖြစ် တာဝန်ထမ်းဆောင်လိုသည့် ပြင်းပြသည့်စိတ်ဆန္ဒများဖြင့် ယခုကဲ့သို့ ဆန္ဒပြုခဲ့ရွေးချယ်ခြင်းခံခဲ့ကြရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ အဆင့်ဆင့်သောစိစစ်မှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဆုံးတွင် နိုင်ငံတော်အတွက် ပထမဆုံးသောအာကာသယာဉ်မှူးများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အာကာသယာဉ်မှူးလောင်းများအနေဖြင့် လက်ရှိအခြေအနေထိရောက်ရှိနိုင်ရေး စာတွေ့၊ လက်တွေ့၊ ကျန်းမာရေးတို့နှင့်ပတ်သက်၍ စိစစ်မှုများကို အဆင့်ဆင့်ကျော်ဖြတ်ခဲ့ကြရခြင်းဖြစ်ပြီး အာကာသဆိုင်ရာအတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာများကို သင်ကြားခဲ့ကြရမည်ဖြစ်သဖြင့် တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အာကာသနည်းပညာဆိုင်ရာ တန်ဖိုးရှိ လူသားအရင်းအမြစ်ကောင်းများပင်ဖြစ်ကြောင်း။

အာကာသယာဉ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ဆုံးဖြတ်ပြီးကြသူများဖြစ်သဖြင့် မိမိတို့တစ်ဦးချင်းစီအလိုက် ကျန်းမာကြံ့ခိုင်မှုရှိသူများဖြစ်စေရေးအတွက်လည်း နေထိုင်သွားလာစားသောက်မှုများကို အသိ၊ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့တစ်ဦးချင်းစီ၏ အနာဂတ်ဘဝခရီးလမ်းအတွက် အထောက်အကူဖြစ်စေမည့် အသိပညာဗဟုသုတများ၊ ဘာသာစကားဆိုင်ရာများ ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်ဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးလောင်းများအဖြစ် လက်ရှိအဆင့်ထိ ရွေးချယ်ခံခဲ့ကြရသူများဖြစ်သည့်အတွက်လည်း မိဘများနှင့် ထပ်တူများစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပဏာမ ရွေးချယ်ထားရှိပြီးဖြစ်သော မြန်မာ့ပထမဆုံးသော အာကာသယာဉ်မှူးလောင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားပြတိုက်(ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## တန်ဖိုးဖြတ်၍မရနိုင်သည့် သမိုင်းကြောင်းအထောက်အထားများဖြစ်သည့်အတွက် ပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေရေးနှင့် လာရောက်ကြည့်ရှုလေ့လာကြသူများအနေဖြင့်လည်း စည်းကမ်းတကျဖြင့် လေ့လာနိုင်ရေး ကြပ်မတ်ထိန်းသိမ်းပြသသွားကြရန်လို. . .

**စာမျက်နှာ ၂၀ မှအဆက်**

တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား၍ စာကြည့်တိုက်ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### အမျိုးသားပြတိုက်(ရန်ကုန်)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ပြတိုက်အစည်းအဝေးခန်းမတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြတိုက်နောက်ခံသမိုင်းအကျဉ်း၊ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ပြတိုက်အတွင်း စုဆောင်း၊ ထိန်းသိမ်း၊ ပြသထားရှိသည့် ပစ္စည်းများ၊ ပြတိုက်သို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာမှုအခြေအနေများ၊ ပြခန်းများအလိုက် ပြသထားရှိမှုအခြေအနေများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြတိုက်ဘက်စုံခန်းမ၌ ပြည်တွင်း၊ ပြည်ပ အထူးပြပွဲများဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို UNESCO စာရင်းတင်သွင်းနိုင်ရေးဆောင်ရွက်ချက်များ၊ ၄၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ စကားဝိုင်းဆွေးနွေးပွဲနှင့် ပြပွဲအခမ်းအနားတွင် မြန်မာ့လက်ဖက်၏ သမိုင်းနှင့်အရေးပါမှု၊ ထိန်းသိမ်းမှုနည်းလမ်းများနှင့် UNESCO စာရင်းဝင်နိုင်ရေး ဆောင်ရွက်ချက်များ၊ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံတော်အဆင့် ဧည့်သည်တော်ကြီးများလာရောက်လေ့လာမှုမှတ်တမ်းများ၊ ပြတိုက်လုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲများပြုလုပ်ဆောင်ရွက်လျက်ရှိမှု၊ Digital Museum ဖြစ်ပေါ်လာစေရေး နည်းပညာပိုင်းဆိုင်ရာ ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိမှု၊ ပြတိုက်ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများနှင့် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှု၊ နိုင်ငံတကာ ပြတိုက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမျိုးသားပြတိုက်အနေဖြင့် နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ခိုင်မာမှုရှိသည့်သမိုင်းကြောင်းများကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ လာရောက်လေ့လာကြည့်ရှုသူများအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကိုသိရှိနားလည်ကာ တန်ဖိုးထားလိုစိတ်၊ ထိန်းသိမ်းလိုစိတ်များဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ခေတ်များအလိုက် သမိုင်းမှတ်တမ်းတင်ထားမှုများကို ခိုင်ခိုင်မာမာ ပြသသွားနိုင်ရန်လိုကြောင်း၊ သမိုင်းကြောင်းများကို တစ်ဆက်တစ်စပ်တည်း ကြည့်ရှုလေ့လာ၍ မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အစဉ်အလာကြီးမားသည့် အမျိုးဘာသာသာသနာယဉ်ကျေးမှုတန်ဖိုးများကို သိရှိနားလည်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်ကြသည့်၊ လာရောက်တာဝန်ထမ်းဆောင်ကြသည့် ပြည်ပမှခရီးသွားဧည့်သည်များအနေဖြင့်လည်း နိုင်ငံတော်၏သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ကြည့်ရှုခြင်းအားဖြင့် အထင်ကြီးလေးစားမှုကို ရရှိစေမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာတို့၏ ဘုန်းတန်ခိုးကြီးမားခဲ့သည့် သမိုင်းဖြစ်ရပ်များကို မြင်တွေ့ခံစားနိုင်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့်လည်း ပြတိုက်သို့ လာရောက်လေ့လာခြင်းအားဖြင့် သမိုင်း၏တန်ဖိုးကို နားလည်လာမည်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်းအတွင်း ပလ္လင်တော်များနှင့် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ရတနာပုံခေတ်ပြခန်းအတွင်း မန္တလေးမြနန်းစံကျော် ရွှေနန်းတော်ပုံစံငယ်များ၊ နန်းတွင်းပရိဘောဂများ၊ ဘုရင်၊ မိဖုရား၊ ဝန်ကြီး၊ စစ်သူကြီးတို့၏ နန်းတွင်းအဝတ်အစားများ၊ နန်းသုံးအဆင်တန်ဆာများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ ခင်းကျင်းပြသထားရှိမှု၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်းအတွင်း မြန်မာအက္ခရာများအဆင့်ဆင့်ပြောင်းလဲလာမှုဇယား၊ မြန်မာဗျည်း၊ သရနှင့် ဂဏန်းတို့ကို ခေတ်အဆက်ဆက်မှ လက်ရေးမူပါ အထောက်အထားများ ခင်းကျင်းပြသထားရှိမှု၊ ပြတိုက်ပထမထပ်ရှိ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်းအတွင်း ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုံတောင်ကျောက်လွှာစုမှ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် ဧရာဝတီကျောက်လွှာစုမှ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သမိုင်းမတင်မီ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ သမိုင်းအထောက်အထားများ ခင်းကျင်းပြသထားရှိမှု၊ မင်းခမ်းတော်ပစ္စည်းများပြခန်းအတွင်း လက်ယာ၊ လက်ဝဲမင်းခမ်းတော်ပစ္စည်းများ၊ မင်းခမ်းတော်မဟုတ်သည့်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ မြန်မာ့မြို့ပြ ယဉ်ကျေးမှုပြခန်းအတွင်း အန္တကူဗုဒ္ဓရုပ်ကြွများ၊ မြေမီးဖုတ်အုတ်ခွက်ဘုရားများ၊ တန်ဆာဆင်ထားသော အင်္ဂတေပန်းတဉ်းများ၊ နံရံဆေးရေးပန်းချီပုံစံတူ လက်ရာများ၊ ပုဂံရှိစေတီများ၏ ဓာတ်ပုံများနှင့် ပန်းချီကားများ၊ အေဒီ ၁၀ ရာစုမှ ၁၃ ရာစုအတွင်း ကျောက်စာများ၏ မင်ကူးများ၊ ပင်းယခေတ်မှကုန်းဘောင်ခေတ်အထိထွန်းကားခဲ့သော လက်ရာပစ္စည်းများခင်းကျင်းပြသထားရှိမှုတို့ကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ အမျိုးသားပြတိုက်၌ သမိုင်းကြောင်းဆိုင်ရာများကို လေ့လာကြည့်ရှုခြင်းအားဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှု၊ အဆင့်အတန်းမြင့်မားပြီး ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ စွမ်းဆောင်ချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ရှည်လျားသည့် သမိုင်းစဉ်အဆက်ဆက်ကိုလေ့လာနိုင်ခြင်း၊ ဘိုးဘေးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ဖြစ်ပေါ်လာစေခြင်းနှင့် မြန်မာနိုင်ငံသားများအဖြစ် ဂုဏ်ယူတတ်လာစေခြင်းတို့ကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ တန်ဖိုးဖြတ်၍မရနိုင်သည့် သမိုင်းကြောင်းအထောက်အထားများဖြစ်သည့်အတွက် ပျက်စီးယိုယွင်းမှုများမဖြစ်ပေါ်စေရေးနှင့် လာရောက်ကြည့်ရှု လေ့လာကြသူများအနေဖြင့်လည်း စည်းကမ်းတကျဖြင့် လေ့လာနိုင်ရေး ကြပ်မတ်ထိန်းသိမ်းပြသသွားကြရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို လာရောက်လှူဒါန်းကြသည့် အလှူရှင်များ၏ အမည်များနှင့် အချက်အလက်များကိုလည်း ဖော်ပြထားရှိရန်လိုကြောင်း၊ အချို့သော ဓာတ်ပုံမှတ်တမ်းများ၊ စာရွက်စာတမ်းများကို နည်းပညာအသုံးပြု၍ ယခုထက် ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ပြီး ပြသထားရှိရန်လိုကြောင်း၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံခြားသားများ၊ သမိုင်းလေ့လာလိုက်စားသူ သုတေသီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများအနေဖြင့် လာရောက်လေ့လာကြရာတွင် သမိုင်းကြောင်း အထောက်အထားများကို လွယ်ကူရှင်းလင်းစွာနှင့် အချက်အလက်ပြည့်ပြည့်စုံစုံသိရှိနိုင်ရေး စနစ်တကျရေးသားရှင်းလင်း ဖော်ပြထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြတိုက်(ရန်ကုန်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးပြီး ပြတိုက်ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ဆရာတော်၊ သံဃာတော်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ကျောဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက သီရိမင်္ဂလာဝဲကြီးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က သီရိမင်္ဂလာဝဲကြီးကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က အောင်စည်သာကျောင်းတိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၃၀ မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ရက် ၃၀ မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် သက်တမ်းလွန်မော်တော်ကား နှင့် ဆိုင်ကယ်များ ယာဉ်လိုင်စင်သက်တမ်းတိုးပေးနိုင် ရေး၊ ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများရရှိရေး၊ ပညာရေးဝန်ထမ်းများ ချီးမြှင့်ငွေ သို့မဟုတ် လစာတိုးမြှင့် ပေးနိုင်ရေး၊ မြို့နယ်၊ ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ပေးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခုမေးမြန်းဖြေကြားခြင်းတို့ကိုဆောင်ရွက်ကြသည်။

ဦးစွာ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ကယားပြည်နယ်အတွင်းရှိ ငါးနှစ်ကျော်သက်တမ်းလွန် မော်တော်ကားနှင့် ဆိုင်ကယ်တို့ကို ယာဉ်လိုင်စင် သက်တမ်းပြန်လည်တိုးပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀ ပြည့်နှစ်) ပုဒ်မ ၃၁ (က) ပုဒ်မခွဲ ၃ အရ မော်တော် ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သက်တမ်း တိုးမှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း ငါးနှစ်ပျက်ကွက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်း ကို ဖျက်သိမ်းရမည်ဟု ဖော်ပြပါရှိသော်လည်း နယ်မြေ ဒေသအခြေအနေများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မှတ်ပုံတင်သက်တမ်းကျော်လွန် နေသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ကို မှတ်ပုံတင်ပြန်လည်လျှောက်ထားမည်ဆိုပါက ယာဉ် ပိုင်ရှင်အနေဖြင့် နေရပ်ရှောင်နေထိုင်ခဲ့သည့် ဒေသရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ခိုင်လုံသည့် ထွေ့စာရင်း ထောက်ခံချက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ကို အမှန်တကယ်ပိုင်ဆိုင်မှုဖြစ်သည့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေခံလက်မှတ်တို့ တင်ပြစေ၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ကို စစ်ဆေးပြီး ယာဉ်နှင့် ယာဉ်မှတ်တမ်းမှန်ကန်မှုရှိပါက ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ မှတ်ပုံတင် ထားသည့်မော်တော်ယာဉ် ၂၇၅၅ စီး၊ မော်တော်ဆိုင်ကယ် ၂၉ဖ၆၅ စီး စုစုပေါင်းအစီး ၃၂၄၂၀ အနက် ငါးနှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် များကို အထက်ဖော်ပြပါ အထောက်အထားများ တင်ပြ လာပါက ပြည်သူများအဆင်ပြေစေရေးနှင့် နစ်နာမှုမရှိ စေရေးအတွက် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မှတ်ပုံတင်သက်တမ်း ငါးနှစ်ကျော်လွန်မှု မရှိသေးသည့်ယာဉ်များကိုလည်း သက်တမ်းလွန်မဖြစ် စေရေးအတွက် ယာဉ်ဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)ရုံးသို့ မှတ်ပုံတင်လုပ်ငန်း လာရောက်ဆောင်ရွက်ရန်အတွက် ခက်ခဲသော မြို့နယ်များအနေဖြင့် သက်ဆိုင်ရာမြို့နယ် များရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီများက သက်တမ်းတိုးလိုသော မော်တော် ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် သက်ဆိုင်သည့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင်သက်သေ ခံလက်မှတ်တို့ကိုစုစည်း၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)သို့ ပေးပို့ လာပါက အထူးကိစ္စတစ်ရပ်အနေဖြင့် သက်တမ်းတိုး ခြင်းကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် ကူညီဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဖိုးလောင်ဝီး၏ **လဟယ် မြို့နယ်တွင် ဆက်သွယ်ရေးဖုန်းလိုင်းများ အချိန်ပြည့် ရရှိရေး၊ အင်တာနက်လိုင်းများ ပြန်လည်ရရှိရေးနှင့် နည်းပညာကျွမ်းကျင်သည့် ဆက်သွယ်ရေးတာဝန်ခံ တစ်ဦး ခန့်အပ်ပေးရေးသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း ၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လဟယ်မြို့နယ် တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း သုံးခုနှင့် ATOM Myanmar Limited မှ မိုဘိုင်းစခန်း တစ်ခု စုစုပေါင်း မိုဘိုင်းစခန်း လေးခုတည်ဆောက်ထား ရှိပြီး အဆိုပါမိုဘိုင်းဆက်သွယ်ရေးစခန်းများကို မိုက်ကရိုဝေ့ဖ်အဝေးဆက်ကြောင်းဖြင့် ချိတ်ဆက်၍ လည်းကောင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ချိတ်ဆက်၍လည်းကောင်း၊ အများပြည်သူ မိုဘိုင်း ဆက်သွယ်ရေးနှင့် အင်တာနက်လိုင်းများရရှိအောင် ဆောင်ရွက်ပေးထားခဲ့ပါကြောင်း။

ကလေး - ဖောင်းပြင် - ဟုမ္မလင်း - ခန္တီး - လဟယ် မိုက္ကရိုဝေ့ဖ်အဝေးဆက်ကြောင်းရှိ ခါမ်းပါတ်နှင့် ဖောင်းပြင်မိုက္ကရိုဝေ့ဖ်စခန်းများတွင် ဒေသတွင်း တိုက်ပွဲများကြောင့် ဆက်သွယ်ရေးဆက်ကြောင်း ပြတ်တောက်လျက်ရှိပြီး ဖုန်းလိုင်းများနှင့် အင်တာနက် လိုင်းများ ပြတ်တောက်ခဲ့ရပါကြောင်း။

ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် လဟယ်မြို့နယ်အတွင်း နေထိုင် ကြသော အများပြည်သူများ ဆက်သွယ်ရေးကွန်ရက် ယာယီရရှိစေရေးအတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ATOM Myanmar Limited မိုဘိုင်းစခန်း သုံးခုကို ဂြိုဟ်တုဆက်သွယ်ရေးစနစ် 1.2 meter Ku-Band ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိပါကြောင်း၊ ထိုသို့ချိတ်ဆက်ထားခြင်းဖြင့် ဖုန်းခေါ်ဆိုမှု(အသံ)နှင့် စာတိုပေးပို့မှုဝန်ဆောင်မှုများကို ၂၄ နာရီရရှိအောင် ဆောင်ရွက်ပေးထားပါကြောင်း၊ သို့ရာတွင် Satellite နည်းပညာပိုင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် မိုဘိုင်းအင်တာနက်ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိလဟယ် မြို့တွင် သတ်မှတ်ထားသည့်နေရာ၌ အင်တာနက် စနစ်ရရှိသုံးစွဲနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ လက်ရှိတပ်ဆင်ထားသည့် 1.2 meter Ku-Band VSAT-2 အပြင် 2.4 meter C-Band VSAT-2 စနစ် ဖြင့် ထပ်မံတပ်ဆင်နိုင်ရန်အတွက် စက်ပစ္စည်းများကို အမြန်ဆုံးရောက်ရှိရန် ပို့ဆောင်လျက်ရှိပါကြောင်း၊ Satellite စက်ပစ္စည်းများရောက်ရှိပါက အမြန်ဆုံး တပ်ဆင်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လဟယ် မြို့နယ်ရှိ မိုဘိုင်းစခန်းများ၏ လုပ်ငန်းများကြီးကြပ် နိုင်ရန် လဟယ်မြို့နယ် ထန်ပါခွေမိုဘိုင်းစခန်းတွင် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(စက်မှု) အမှုထမ်း တစ်ဦးနှင့် လဟယ်မိုဘိုင်းစခန်းတွင် ယာယီနေ့စား ဝန်ထမ်းတစ်ဦး ခန့်အပ်ထားရှိပြီး စစ်ကိုင်းတိုင်းဒေသ ကြီးမန်နေဂျာ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများကိုဆောင် ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် နည်းပညာကျွမ်းကျင်ပြီး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည့် ဒုတိယကြီးကြပ်ရေးမှူး (စက်မှု) ဝန်ထမ်းတစ်ဦးကို ထပ်မံရွေးချယ်၍ ဌာနတွင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ကာ လဟယ်မြို့သို့ ပြောင်းရွှေ့တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

ATOM Myanmar Limited အနေဖြင့် လဟယ်မြို့ တွင် မိုဘိုင်းစခန်း တစ်ခုကိုသာ တည်ဆောက်တပ်ဆင် ထားရှိသဖြင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိလာပါက တာဝန်ခံတစ်ဦးကို အမြဲတမ်းခန့်ထားနိုင် ခြင်းမရှိသော်လည်း ခန္တီးမြို့နယ်ရှိ နည်းပညာအဖွဲ့မှ အဆိုပါမိုဘိုင်းစခန်းအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းငွေး ၏ **ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများကို ထိုက်သင့် သော ချီးမြှင့်ငွေ သို့မဟုတ် လစာတိုးမြှင့်ပေးရန် အစီ အစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင် ရွက်မည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်း လင်းက နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို တိုးမြှင့်ပေးရာတွင် ပညာရေး ဝန်ထမ်း ဆရာ၊ ဆရာမများကိုသာ သီးခြားတိုးမြှင့်ပေး လျက်မရှိဘဲ ဌာန၊ အဖွဲ့အစည်းများတွင် တာဝန် ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများအပါ အဝင် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများအားလုံး အတွက် တိုးမြှင့်ပေးသည့်မူဝါဒကို ကျင့်သုံးလျက်ရှိ ပါကြောင်း။

နိုင်ငံတော်က တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများတွင် တာဝန် ထမ်းဆောင်သည့် ပညာရေးဝန်ထမ်း ကျောင်းအုပ်ကြီး များအတွက် ၎င်းတို့၏ရာထူးအဆင့်အလိုက် ကနဦး လစာ၏ ၁၀ ရာခိုင်နှုန်းဖြင့် လစဉ်အုပ်ချုပ်မှုစရိတ်ကို လည်းကောင်း၊ ပညာရေးဝန်ထမ်း သင်ကြားရေးဆရာ၊ ဆရာမများအတွက် အမြင့်ဆုံးရရှိသည့် ဘွဲ့အလိုက် လစဉ်ချီးမြှင့်ငွေများကို ပါရဂူဘွဲ့ရရှိသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ မဟာဒဿန၊ မဟာဘွဲ့၊ မဟာ သုတေသနရရှိသူတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၊ ဘွဲ့လွန် ဒီပလိုမာရရှိသူ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ တို့ဖြင့် လစဉ်ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအပါအဝင် ဌာန၊ အဖွဲ့အစည်း များတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်း အားလုံးအတွက် ရာထူးအဆင့်အလိုက် သတ်မှတ် ချိန်နှုန်းလစာ၊ လစဉ်အပိုထောက်ပံ့ကြေး၊ တစ်နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ရှိသည့် ဝတ်စုံစရိတ်၊ အခမဲ့အိမ်ရာ တွင် နေထိုင်ခွင့်မရရှိဘဲ မိမိအစီအစဉ်ဖြင့် နေထိုင်ရ သည့် ဝန်ထမ်းများအတွက် သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိသည့် အိမ်ငှားစရိတ်၊ ဝေးလံခေါင်သီ၍ လူမှု ရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင် လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ်၊ တာဝန်ဖြင့် ခရီးသွားလာခြင်းအတွက် ခရီးသွားနေ့တွက် စရိတ်၊ အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် ရာထူး အဆင့်အလိုက် သတ်မှတ်ထားရှိသည့် တည်းခိုစရိတ် တို့ကိုလည်း ခံစားခွင့်ရှိသည့်အပြင် ပညာရေးကဏ္ဍရှိ သင်ကြားရေးပိုင်းတွင် တာဝန်ယူဆောင်ရွက်နေကြ သည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအတွက် သတ်မှတ်နှုန်းထားများဖြင့် လစဉ်ချီးမြှင့်ငွေပေးအပ် လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက လတ်တလောတွင် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ များကို ထိုက်သင့်သောချီးမြှင့်ငွေ သို့မဟုတ် လစာ တိုးမြှင့်ပေးနိုင်ရေးအစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန် မြို့နယ်၊ ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန် စေရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မည်သို့ စီမံဆောင်ရွက်မည်နှင့် အခြားနည်းဖြင့် ဆောင်ရွက် သွားမည့် အစီအမံရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အင်းစိန်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ရက် ၁၀၀ စီမံချက်ဖြင့် ကသွယ်ချောင်း(အကျဉ်းဦးစီးဝင်းအတွင်းနှင့် CID ဝင်း အတွင်း)၊ ပေါက်တောချောင်း၊ အောင်သိဒ္ဓိချောင်း၊ ရိုးကြီးချောင်း၊ မဟာသုခိတာလမ်း၊ သီရိမင်္ဂလာလမ်း၊ ပြည်လမ်း၊ လမ်းသစ်လမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့ ကို စက်ယန္တရားများနှင့် လုပ်သားအင်အားများ အသုံးပြု ၍ ရှင်းလင်းပေးလျက်ရှိပြီး ရွာမချောင်း၊ ကန်ဦးရိုး ချောင်း၊ ရိုးကြီးချောင်းတို့ကိုလည်း ရှင်းလင်းထားရှိပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် အောက်မင်္ဂလာဒုံလမ်း(ဒညင်း ကုန်းလမ်းဆုံနှင့် ကန်ဦးရိုးချောင်းကြား)တွင် ငွေကျပ် ၂၅၄ ဒသမ ၄၇၉ သန်းဖြင့် အုတ်ရေမြောင်း ပေ ၁၁၃၀ နှင့် Box Culvert နှစ်လုံး၊ ပုလဲလမ်း(ရွာမ CNG Gas ဆိုင် နှင့် မကျည်းပင်ရိုးချောင်းကြား)တွင် ငွေကျပ် ၂၁၈ ဒသမ ၃၂၂ သန်းဖြင့် အုတ်ရေမြောင်း ၈၉၅ ပေနှင့် Box Culvert နှစ်လုံး၊ သီရိမင်္ဂလာလမ်း(မြို့တော်ဂေါက်ကွင်း နှင့် သီရိမင်္ဂလာ(၁၁)လမ်းကြား)တွင် ငွေကျပ် ၂၃၀ ဒသမ ၄၈၇ သန်းဖြင့် အုတ်ရေမြောင်း ပေ ၁၅၀၀ နှင့် Box Culvert သုံးလုံး၊ အုတ်ရေမြောင်းအရှည်စုစုပေါင်း ၃၅၂၅ ပေနှင့် Box Culvert ခုနစ်လုံး တည်ဆောက်ပေး ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း အင်းစိန်မြို့နယ် အတွင်း ရေစီးရေလာကောင်းမွန်စေရေး ချောင်းကြီး၊ မြောင်းကြီးများ၊ ရေမြောင်းများ တူးဖော်ရှင်းလင်းပေး ခြင်းများအပြင် ရေစီးရေလာအခြေခံအဆောက်အအုံ များဖြစ်သည့် အုတ်ရေမြောင်း၊ Box Culvert နှင့် မြေထိန်း နံရံများ ပြုလုပ်ပေးခြင်းများကိုလည်း ရန်ပုံငွေခွဲဝေရရှိ မှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင် မြို့နယ်ရှိ ညံတော်ကြီးကျေးရွာနှင့် ညံကံကြီးကျေးရွာ ပေါင်းချုပ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့် မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ရွှေတောင် မြို့နယ် အင်္ဂူ - ပေါင်းချုပ် - ညံတောကြီး-ညံကံကြီး လမ်းသည် လမ်းအရှည် ၂ မိုင် ၂ ဖာလုံတွင် ရွာတွင်း လမ်း တစ်မိုင်၊ ရွာချင်းဆက်လမ်း ၁ မိုင် ၂ ဖာလုံရှိပါ ကြောင်း၊ အဆိုပါလမ်းကို အင်္ဂူ၊ ပေါင်းချုပ်၊ ညံတော ကြီး၊ ညံကံကြီး စုစုပေါင်း လေးရွာမှ ပြည်သူများ သွားလာအသုံးပြုကြသည့် လမ်းဖြစ်ပါကြောင်း၊ ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၂ ဖာလုံသည် အကျယ် ခုနစ်ပေခန့်သာရှိသော မြေသားလမ်းဖြစ်ပြီး ရွာတွင်း လမ်းထက် လမ်း Level နိမ့်နေသောကြောင့် လိုအပ် သော လမ်းအကျယ်နှင့် လမ်း Level ရရှိအောင် မြေသား တာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူလူထု၏ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိ လိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဦးစားပေးဆောင်ရွက်ရ မည်ဖြစ်ရာ မြေသားလမ်း ၁ မိုင် ၂ ဖာလုံကို မြေသား တာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျာထားတင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ခနောဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနောဖြူမြို့နယ်ရှိ ဆကာကြီးကျေးရွာမှ သဲဖြူကျေးရွာ မဲဇလီတံတား ထိပ်ထိ ကွန်ကရစ်လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးနိုင် ခြင်း အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးသိုက်စိုးက ခနောဖြူမြို့နယ် ဆကာကြီးကျေးရွာ မှ သဲဖြူကျေးရွာ မဲဇလီတံတားထိပ်အထိလမ်းသည် တိုင်းဒေသကြီးက စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနပိုင် လမ်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ဆကာကြီးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့ကို စာမျက်နှာ ၂၄ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၇**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **လုံခြုံရေးအရထားရှိသော စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးမှုပြုလုပ်ရာ၌ လူဖြင့်အားပြုစစ်ဆေးသည်ထက် နည်းပညာသုံးစစ်ဆေးခြင်းမျိုး ပြုလုပ်နိုင်မည်ဆိုပါက တားမြစ်ကုန်ပစ္စည်းများ ဥပဒေနှင့် မလွတ်ကင်းသူများကို ဖော်ထုတ်တားဆီးနိုင်မည်ဖြစ်ပါသဖြင့် လုံခြုံရေးအရထားရှိသည့် စစ်ဆေးရေးဂိတ်များတွင် နည်းပညာမြင့်စက်ကိရိယာများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် တပ်ဆင်ပေးသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မူးယစ်တပ်ဖွဲ့စုများတွင်လည်း နည်းပညာမြင့်စက်ကိရိယာများဖြစ်သည့် Scanner ၄၄ လုံး၊ Electronic Endoscope ခြောက်လုံးတို့ဖြင့် မြို့ဝင်ထွက် စစ်ဆေးရေးဂိတ်များတွင် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်အပြင် သွားလာမှု အဓိကအကျဆုံးစစ်ဆေးရေးဂိတ်ကြီးများတွင် စက်ကိရိယာများကို တပ်ဆင်အသုံးပြု၍ တားမြစ်ကုန်စည်များ၊ တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ PSMS လူပုဂ္ဂိုလ်စိစစ်စောင့်ကြည့်စနစ်ဖြင့် အသုံးပြုစောင့်ကြည့်စစ်ဆေးလျက်ရှိပြီး ၎င်းစနစ်မှ AI မျက်နှာပြင်မှတ်သားခြင်းနှင့် ဇီဝမက်ထရစ်ဒေတာ (Biometric Data)တို့ကို တိုက်ဆိုင်စစ်ဆေးနိုင်ပြီး ဗဟိုဒေတာဘေ့စ်(Central Database)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်(NRC) နံပါတ်တို့ကို တိုက်ဆိုင်စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံအတွင်းရှိ အဓိကလမ်းမကြီးများပေါ်၌ အချက်အချာနေရာများတွင် လိုအပ်ချက်အရ ထားရှိသော ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသူများကို အဂတိကင်းရှင်းစေရေး၊ ငွေကြေးတောင်းခံခြင်းများ မရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာနှင့် ကိုယ်နှုတ်အမူအရာ ပြေပြစ်မှုရှိစေရေး၊ တပ်ဖွဲ့ဝင်များ လိုက်နာရမည့် လုပ်ငန်းတာဝန်များနှင့် စည်းကမ်းချက်များကို သိရှိလိုက်နာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် စစ်ဆေးရေးဂိတ်များ၌ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရန်အတွက် ခေတ်မီရှာဖွေရေး X-Ray Station စက်များ၊ နည်းပညာမြင့်စက်ကိရိယာများဖြစ်သည့် Scanner များ၊ Electronic Endoscope များဖြင့် ရှာဖွေစစ်ဆေးလျက်ရှိပါကြောင်း၊ စစ်ဆေးရေးဂိတ်များတွင် စက်ကိရိယာများ ယခုထက်ပိုမိုတပ်ဆင်အသုံးပြုနိုင်ရေး လိုအပ်ပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **တောင်သူလယ်သမားများကို စမတ်ကတ်(Smart Card)များ ထုတ်ပေးပြီး သင့်လျော်သောခွဲတမ်းအလိုက် စက်သုံးဆီ တရားဝင်ဝယ်ယူခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် MSME လုပ်ငန်းများကိုလည်း လိုင်စင်ပါအချက်အလက်များအလိုက် စမတ်ကတ် (Smart Card)များ ထုတ်ပေးပြီး စက်သုံးဆီဝယ်ယူခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တောင်သူလယ်သမားများနှင့် MSME လုပ်ငန်းများကို Smart Card ဖြင့် စက်သုံးဆီရောင်းချနိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲရမည်ဖြစ်ခြင်းနှင့် အချက်အလက်များစုဆောင်းရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် လတ်တလောတွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ အခြားနည်းလမ်းတစ်ခုအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် စက်သုံးဆီအရောင်းဆိုင်များတွင် မော်တော်ယာဉ်များ QR စနစ်ဖြင့် ဆောင်ရွက်နေသကဲ့သို့ တောင်သူလယ်သမားများကို QR စနစ်ဖြင့် ဆောင်ရွက်၍ ရ၊ မရ နည်းပညာအရ နည်းလမ်းရှာဖွေလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် စက်သုံးဆီများ ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး ဝန်ကြီးဌာနအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီများဝယ်ယူရာတွင် အခက်အခဲများရှိပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ ဆက်သွယ်နိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူလယ်သမားများနှင့် MSME လုပ်ငန်းများ လိုအပ်သည့် စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကင်ဆားရာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၁၂၀ x ၂၅ x ၁၂ ပေရှိ တစ်ထပ်သွပ်မိုး၊ အုတ်ညှပ်၊ အင်္ဂတေ ပင်မကျောင်းဆောင်ကို ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် အစားထိုးကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ် တနိုင်းမြို့နယ် ကင်ဆားရာ-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် လက်ရှိကျောင်းသား ၈၉၈ ဦး စာသင်ခန်း ၁၅ ခန်းရှိသည့်အတွက် ကျောင်းသားဦးရေအရ စာသင်ခန်းထပ်မံလိုအပ်ပါသဖြင့် အန္တရာယ်ဆောင် ၁၂၀ x ၂၅ ပေ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ဖျက်သိမ်း၍ ပေ ၁၃၀ x ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုး၏ **အမျိုးသားပညာရေးဥပဒေအရ တိုင်းရင်းသားတို့၏စာပေသင်ကြားရေးကို ထိရောက်စွာသင်ကြားဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသား မူလတန်းပြဆရာအဆင့်နှင့် မူလတန်းပြလစာပေးရန်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့် တိုင်းရင်းသား စာပေသင်ကြားရေးတာဝန်ခံများ ခန့်အပ်ထားပေးရန်နှင့် မော်လမြိုင်တက္ကသိုလ်တွင် မွန်စာပေယဉ်ကျေးမှုနှင့် သမိုင်းအထူးပြုဘာသာရပ်ဌာနတစ်ခုဖွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုင်းရင်းသားစာပေသင်ကြားသော အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားရန်အတွက် တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြု Teaching Assistant (TA) များကို ပုတ်ပြတ်စနစ်ဖြင့် ခန့်ထားပြီး အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် နဝမတန်းအောင်မြင်ရမည်ဖြစ်ပြီး Language Teacher (LT) များသည် မူလတန်းအဆင့်ပြီးမြောက်ရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် သင်ကြားချိန်အဖြစ် တစ်ရက်လျှင် တစ်နာရီ၊ တစ်ပတ်လျှင် ငါးနာရီ သင်ကြားရမည်ဖြစ်ပါကြောင်း၊ မူလတန်းပြ (အမြဲတမ်းဝန်ထမ်း)များနှင့် ခန့်ထားမှုဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ၊ လုပ်ငန်းတာဝန်နှင့် သင်ကြားချိန် (Workload)တို့ တူညီမှုမရှိပါကြောင်း၊ လစာနှုန်းထားတစ်ခုပေးအပ်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စည်းမျဉ်းသတ်မှတ်ချက်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ပြီး လက်ရှိဖွဲ့စည်းပုံအရ မူလတန်းပြဆရာအဆင့်နှင့် မူလတန်းပြလစာကို ပေးအပ်နိုင်ခြင်းမရှိသေးပါကြောင်း။

မော်လမြိုင်တက္ကသိုလ်တွင် မြန်မာစာနှင့် သမိုင်းအထူးပြုဘာသာရပ်များတွင် မွန်ကျောက်စာနှင့် မွန်သမိုင်းဆိုင်ရာ အကြောင်းအရာများကို သင်ရိုးညွှန်းတမ်းနှင့်အညီ ထည့်သွင်းသင်ကြားပေးလျက်ရှိသော်လည်း မွန်စာပေယဉ်ကျေးမှုနှင့် သမိုင်းအထူးပြုဘာသာရပ်အတွက် သီးခြားဌာနကို ဖွင့်လှစ်ထားခြင်းမရှိသေးပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ဘာသာရပ်ဌာနအသစ်တစ်ခု ဖွင့်လှစ်ရာ၌ လူ့စွမ်းအားအရင်းအမြစ်၊ သင်ရိုးညွှန်းတမ်း၊ ဘဏ္ဍာရေး၊ အဆောက်အအုံနှင့် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စနစ်တကျစီမံလျာထားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စိစစ်အတည်ပြုဆောင်ရွက်ရခြင်းလည်းဖြစ်ပါကြောင်း။

သို့ပါ၍ လိုအပ်ချက်များကို ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်ရန် လိုအပ်နေသေးသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအချိန်တွင် မော်လမြိုင်တက္ကသိုလ်၌ မွန်စာပေယဉ်ကျေးမှုနှင့် သမိုင်းအထူးပြုဘာသာရပ်ဌာနတစ်ခု ဖွင့်လှစ်ရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး ၏ **ကယားပြည်နယ် လွိုင်ကော်မြို့သည် နယ်မြေတည်ငြိမ်အေးချမ်းနေပြီဖြစ်ပါသဖြင့် ဒေါ်တမရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါ်တမအခြေခံပညာအလယ်တန်းကျောင်း နှစ်ကျောင်း၏ နှစ်ထပ်ကျောင်းဆောင်များကို ဆောက်လုပ်ခဲ့ရာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီး လွိုင်ကော်မြို့တွင်း၌ သောင်းကျန်းသူများနှင့်တိုက်ပွဲဖြစ်ပွားခဲ့မှုကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည့်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားအင်အားအရ လိုအပ်သော ပေ ၇၀ x ၃၀ RCC နှစ်ထပ်ဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခွင့်ရရှိထားပြီးဖြစ်၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးပါက သင်ကြားသင်ယူမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒေါ်တမ-အခြေခံပညာအလယ်တန်းကျောင်းတွင် နှင်းဆီဆောင်၊ စံပယ်ဆောင်၊ ပုလဲရတုဆောင် စုစုပေါင်း သုံးဆောင်နှင့် လက်ရှိဆောက်လုပ်ဆဲ တစ်ဆောင်ရှိပြီး **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

တိုက်ရိုက်ချိတ်ဆက်ထားသော တိုင်းဒေသချင်းဆက် ကျေးလက်လမ်းဖြစ်ပါကြောင်း။

ဆကာကြီးကျေးရွာမှ မဲဇလီတံတားထိပ်ထိ အရှည် လေးမိုင်တွင် ဆကာကြီးမှ အင်းတာကလေးလမ်းပိုင်း တစ်မိုင်သည် ကောင်းမွန်ပြီး ကျန်လမ်းပိုင်း သုံးမိုင်မှာ ပျက်စီးလျက်ရှိပါကြောင်း၊ အင်းတာကလေးမှ အင်းတာကြီးကြား ကွန်ကရစ်ခင်းခြင်း နှစ်ဖာလုံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်လမ်းပိုင်း ၂ မိုင် ၆ ဖာလုံကို သွားလာရေး အဆင်ပြေစေရန်အတွက် အပိုင်းလိုက် ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၉၆ ဒသမ ၈၀၀ သန်းကုန်ကျမည်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်ဘောင်အတွင်းမှလည်းကောင်း၊ ထပ်မံလိုအပ်ပါက ကျန်လမ်းပိုင်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းမှလည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဇလွန်မဲဆန္ဒနယ်မှ ဦးလှခိုင်၏ **ဇလွန်မြို့နယ် ထုံးတပို – ရေလဲ – မြစ်ဝ –ရေတွင်းကုန်း– အထွင့်လမ်းကို ၂၀၂၉ – ၂၀၃၀ ဘဏ္ဍာနှစ်တွင် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခြင်းအစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ထုံးတပို – ရေလဲ – မြစ်ဝ – ရေတွင်းကုန်း – အထွင့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး ပြည်ထောင်စုက စီမံခန့်ခွဲသော Class (C) အဆင့်လမ်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ အဆိုပါမြေသားလမ်း ၁၁ မိုင်အနက် နှစ်မိုင်ကို မြေနီကျောက်စရစ်ခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၃၀ မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**စာမျက်နှာ ၂၄ မှအဆက်**

စာသင်ခန်း ၁၀ ခန်းရှိသည့်အတွက် လက်ရှိကျောင်းသား အင်အားနှင့် စာသင်ခန်းလုံလောက်မှုရှိပါသဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါတမ-အခြေခံပညာအလယ်တန်းကျောင်းတို့တွင် အပြီးသတ်ရန်လိုအပ်သော ကျောင်းဆောင်များကို စီမံကိန်းတန်ဖိုးပြောင်းလဲခွင့်နှင့် ပတ်သက်ပြီး ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာတို့နှင့်အညီ ဆောင်ရွက်၍ နီးစပ်ရာဘဏ္ဍာနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးငွေထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စံပယ်ဆောင် ပေ ၁၅၀x၃၀x၂၀ တစ်ထပ်ကျောင်းဆောင်သည် သက်တမ်း ၃၈ နှစ် ကြာပြီဖြစ်၍ ကြွခိုင်တောင့်တင်းမှုအားနည်းနေခြင်း၊ စကြံအမိုးများ ဆွေးမြည့်ပျက်စီးနေခြင်း၊ မျက်နှာကြက်များ ပေါက်ပြဲပြုတ်ကျပျက်စီးနေခြင်း၊ အုတ်ညှပ်ထားသောသစ်များ ခြစားနေခြင်းတို့ကြောင့် ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းခွင့်ပြုရန်နှင့် ဖျက်သိမ်းခွင့်ရရှိပါက ၎င်းမြေနေရာပေါ်တွင် ပေ ၁၅၀x၃၀x၂၀ RC သုံးထပ်ဆောင် သို့မဟုတ် ပေ ၁၅၀x၃၀x၂၀ နှစ်ထပ်ဆောင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အဆိုပါကျောင်းတွင် ပေ ၁၂၀ x ၃၀ သစ်သားအုတ်ညှပ်တစ်ထပ်ဆောင်သုံးဆောင်၊ (အန္တရာယ်ဆောင်) ပေ ၁၅၀ x ၃၀ သစ်သားအုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၁၃၀ x ၃၀ RCC နှစ်ထပ်ဆောင် နှစ်ဆောင်၊ ပေ ၉၀ x ၃၀ SS (Steel Structure) တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၂၃ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းရှိ အန္တရာယ်ကျောင်းဆောင် ဖျက်သိမ်းခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စာသင်ခန်း လိုအပ်နိုင်မည့်အခြေအနေပေါ်မူတည်၍ အစားထိုးတည်ဆောက်နိုင်ရေး ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ(က)(ခ)(စ)နှင့် ပုဒ်မ ၁၁၂၏ ပုဒ်မခွဲ(က)တို့ကို ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း**က မြေနုကျွန်းမြေများ ခွဲဝေပေးခြင်းဆိုသည်မှာ နှစ်စဉ်ရေကျသွားသည့်အချိန်တွင် ပေါ်လာသည့် မြေနုကျွန်းမြေအသစ်များကို မြေမဲ့ယာမဲ့များကို ခွဲဝေပေးခြင်းဖြစ်ပါကြောင်း၊ သို့သော် ဥပဒေ၏အားနည်းချက်အချို့ကို အခွင့်ကောင်းယူပြီး လုပ်ပိုင်ခွင့်ရှိသူတချို့က လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ကာ ခိုင်မာပြီးဖြစ်သောမြေများကိုပါ ဝေခြမ်းသည့်အစီအစဉ်အတွင်း ထည့်သွင်းခြင်း၊ မထည့်ဝင်စေလိုပါက ၎င်းတို့ထံချဉ်းကပ်စေခြင်း ပြုလုပ်တတ်ကြပါကြောင်း၊ ဝေခြမ်းသည့်အခါတွင်လည်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မည့် မြေမဲ့ယာမဲ့များ မဟုတ်ဘဲ ဩဇာအာဏာရှိသူများ၊ ငွေကြေးတတ်နိုင်သူများ၊ ၎င်းတို့၏ မိသားစုဝင်အမည်များဖြင့် မြေနုကျွန်းများကို လက်ဝါးကြီးအုပ်နေတတ်ပါကြောင်း၊ ခွဲဝေပေးသည့် စံနှုန်းများသည်လည်း သိသာထင်ရှားမှု၊ ရှင်းလင်းမှုမရှိဘဲ ဖြစ်နေတတ်ပါကြောင်း၊ ခွဲဝေပြီးသည့်အခါတွင်လည်း အများသိသာထင်ရှားစေရန် အသိပေးကြော်ငြာခြင်း၊ ကန့်ကွက်လိုပါက ကန့်ကွက်ခွင့်ပေးခြင်း ခွင့်ပြုရန်လိုအပ်ပါကြောင်း၊ အောက်ခြေမှ အဂတိလိုက်စားမှု သို့မဟုတ် မတရားခွဲဝေမှုများ ပြုလုပ်ပါက ထိရောက်စွာ အရေးယူနိုင်မည့် ပြစ်ဒဏ်များကိုလည်း ဥပဒေတွင် ရှင်းလင်းစွာပါရှိသင့်ပါကြောင်း။

သို့ပါ၍ အဆိုသည် ပြည်သူ့ဘဏ္ဍာများဖြစ်သည့် မြေနုကျွန်းမြေများကို လူတစ်စုက ကိုယ်ကျိုးအတွက် အလွဲသုံးစားမပြုလုပ်နိုင်ရန်နှင့် ဆင်းရဲသားတောင်သူများ လက်အတွင်းသို့ အမှန်တကယ်ရောက်ရှိစေရန်အတွက် လက်ရှိနည်းဥပဒေများ၏ အားနည်းချက်များကို အမြန်ဆုံးပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရန် တိုက်တွန်းခြင်းဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်**က ဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်မည်ဆိုပါက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တောင်သူလယ်သမားများ၏ မြေယာလုံခြုံမှုကို ကောင်းမွန်စေနိုင်မည်ဖြစ်ပါကြောင်း၊ နည်းဥပဒေ (၁၀၃)တွင် မြေနုကျွန်းအဓိပ္ပာယ်ကို တိကျစွာပြဋ္ဌာန်းရန်နှင့် GIS, GPS ဖြင့် ဂြိုဟ်တုမြေပုံစနစ်တို့ကိုအသုံးပြုပြီး နယ်နိမိတ်သတ်မှတ်သင့်သည်ဟု ယူဆပါကြောင်း၊ သတ်မှတ်ခြင်းမပြုမီ ဒေသခံများကိုအသိပေးခြင်းနှင့် ကန့်ကွက်ခွင့်ပေးခြင်းတို့ ပြုလုပ်သင့်သည်ဟု ယူဆပါကြောင်း၊ နည်းဥပဒေ (၁၀၄)တွင် အနည်းဆုံး ငါးနှစ်ဆက်တိုက် စိုက်ပျိုးလုပ်ကိုင်သူကို ဦးစားပေးလုပ်ကိုင်ခွင့်ပေးရန် လိုအပ်သကဲ့သို့ မူလမြေပိုင်ရှင်၏ မြေသည် မြစ်တိုက်စားပြီး ပျောက်ဆုံးခဲ့ပါက ဦးစားပေး၍ စဉ်းစားသင့်သည်ဟု ယူဆပါကြောင်း။

နည်းဥပဒေ (၁၀၆) (က) တွင် မြေနုကျွန်းချထားမှုမပြုမီ မြေတိုင်းတာခြင်း၊ သဘာဝပတ်ဝန်းကျင်စစ်ဆေးခြင်းနှင့် လူထုသဘောထားရယူခြင်းတို့ကို မဖြစ်မနေပြုလုပ်သင့်သည်ဟု ယူဆပါကြောင်း၊ နည်းဥပဒေ(၁၀၆) (ခ)တွင် မြေချထားပေးမှုကို အများပြည်သူသိစေရန် ကြေညာရမည်ဖြစ်သကဲ့သို့ ရက် ၃၀ အတွင်း ကန့်ကွက်ခွင့်နှင့် အယူခံဝင်ခွင့်ရှိသင့်သည်ဟု ယူဆပါကြောင်း၊ နည်းဥပဒေ (၁၀၆ )(စ)တွင် လွှဲပြောင်းခြင်းနှင့် အငှားချထားခြင်းတို့ကို ဥပဒေအရ စနစ်တကျ ထိန်းချုပ်ထားသင့်သည်ဟု ယူဆပါကြောင်း၊ အဆိုရှင်၏ အဆိုပြုချက်များသည်လည်း မြေနုကျွန်းတွင် လက်တွေ့ခံစားနေကြရသည့် ပြည်သူတို့၏ ပဲ့တင်သံဖြစ်ပါကြောင်း၊ အဆိုရှင်တို့ဒေသ၏ ရေ၊ မြေ၊ တော၊ တောင်သဘာဝနှင့် လူနေမှုဘဝလေ့စရိုက်နှင့်လျော်ညီစွာ အမှန်တကယ်စိစစ်ဆောင်ရွက်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးသိန်းဇော်**က နည်းဥပဒေ (၁၀၃)ကို မြေနုကျွန်းမြေများသည်လည်းကောင်း၊ မြေနုကျွန်းမြေ သို့မဟုတ် ကမ်းခြေနှင့်ဆက်စပ်ပေါ်ထွန်းလာသောမြေနုများသည်လည်းကောင်း အရွယ်အစားအားဖြင့်ဖြစ်စေ၊ တည်နေရာအားဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန်အားဖြင့်ဖြစ်စေ ပြောင်းလဲလေ့ရှိသဖြင့် ပြောင်းလဲပေါ်ထွန်းလာသောမြေနုကျွန်းမြေသစ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ (၁၀၄)ကို ရေကျ၍ ပြန်လည်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများ မပြောင်းလဲသည့် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို မူလလုပ်ကိုင်သူအား ခွင့်ပြုပြီး ပြောင်းလဲသွားသော ကျွန်းမြေနုအသစ်များ၏ လုပ်ပိုင်ခွင့်ကို စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ် နွေရာသီအမီ ကျွန်းရေမလွှမ်းမိုးမီ ကြိုတင်စီမံထားရမည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ (၁၀၆) နည်းဥပဒေခွဲ(က)ကို ရေကျ၍ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများမပြောင်းလဲသည့် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို ယခင်နှစ်က လုပ်ပိုင်ခွင့်ရထားသူများကို လုပ်ပိုင်ခွင့်ပြုရမည်ဟူ၍လည်းကောင်း ပြင်ဆင်ပေးနိုင်ပါက နိုင်ငံသားတို့၏ အကျိုးစီးပွား၊ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်ပြီး မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် ဖြစ်ပေါ်လေ့ရှိသော ပဋိပက္ခများ၊ ပြဿနာများကို လျော့ပါးပပျောက်စေမည်ဖြစ်ပါသဖြင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးကျော်ဝင်းဦး**က မြေနုကျွန်းမြေပေါ်တွင် စိုက်ပျိုးသော ကိုင်း၊ ကျွန်းတောင်သူများသည် ယခင်က ရောဝတီမြစ်ကမ်းဘေးကျေးရွာများတွင် နေထိုင်သူများဖြစ်ပြီး မြစ်ရေတိုက်စားကာ ကမ်းပါးပြိုကျ ရွာပျက်ပြီးနောက် ရွာအနီးတွင် ပေါ်ထွန်းလာသော မြေနုကျွန်းမြေများကို ဥပဒေနှင့်အညီ ပြန်လည်ခွဲဝေယူကာ စိုက်ပျိုးနေထိုင်ကြသူများဖြစ်ပါကြောင်း၊ မြေနုကျွန်းမြေပေါ်တွင် စိုက်ပျိုးနေထိုင်ကြသော ကိုင်း၊ ကျွန်းတောင်သူများသည် တစ်နှစ် လျှင် တစ်ရာသီသာ မြစ်ရေကျချိန်မှစ၍ စိုက်ပျိုးကြရပြီး မြေနုကျွန်းမြေဖြစ်၍ မြေထိန်းသိမ်းနိုင်ခြင်း မရှိသောကြောင့် ရာသီနှင့်သီးနှံကို ချိန်ဆစိုက်ပျိုးရသော မြေအမျိုးအစားဖြစ်ပါကြောင်း၊ ကိုင်းကျွန်းတောင်သူများ၏ အသက်သွေးကြောဖြစ်သည့် မြေနုကျွန်းပေါ်တွင် စိုက်ပျိုးခွင့်ရရှိရေးအတွက် မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားရေး ဥပဒေသည် အလွန်အရေးကြီးပြီး ပွင့်လင်းမြင်သာမှုမရှိလျှင် အဂတိမှု၊ မမျှတမှုနှင့် မတရားမှုများကြီးစိုးပြီး လူမှုပဋိပက္ခများဆီသို့ ဦးတည်သွားစေနိုင်ပါကြောင်း။

သို့ပါ၍ အဆိုရှင် ပြင်ဆင်လိုသော ဥပဒေများသည် တောင်သူများ ခွဲဝေရရှိသော မြေနုကျွန်းမြေများ၏ ပိုင်ဆိုင်မှုကို တိတိကျကျပြဋ္ဌာန်းပေးထားပြီး မြေနုကျွန်းမြေခွဲဝေရာတွင် ဘက်လိုက်မှု၊ အဂတိမှုကင်းစွာ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန် ပြင်ဆင်ပြဋ္ဌာန်းထားသဖြင့် အဂတိကျူးလွန်မှုကို တားဆီးရာရောက်စေပါသဖြင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေနည်းဥပဒေ (၁၀၃)ကို လွှတ်တော်ကိုယ်စားလှယ်၏ အဆိုပြုချက်အရ “အသစ်” ပေါ်ထွန်းမှုကိုသာ ခွဲဝေပေးထားနိုင်မည်ဆိုသော်လည်း ဧရိယာလျော့နည်း၍ ပေါ်ထွန်းလာသော မြေနုကျွန်းမြေများဖြစ်ပါက မြေယာခွဲဝေချထားမှုပိုမို၍ရှုပ်ထွေးလာနိုင်ပါကြောင်း၊ ထို့ပြင် မြေနုကျွန်းမြေများသည် မြေဆီဩဇာ ကောင်းမွန်သောမြေများဖြစ်ခြင်းကြောင့် သာမန်အခြားလယ်ယာမြေများနှင့် နှိုင်းယှဉ်ပါက အကျိုးအမြတ်အလွန်များသဖြင့် ယခင်ချထားပေးသူများကိုသာ ဆက်လက်ချထားမည်ဆိုပါက မျှတမှုမရှိနိုင်သည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည့်ကို တွေ့ရှိရပါကြောင်း။

မြေနုကျွန်းမြေများသည် နှစ်စဉ်ရေအောက်သို့ နစ်မြုပ်ပြီး တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပေါ်ထွန်းသည့် ခိုင်မြဲမှုမရှိသောမြေနုများဖြစ်သဖြင့် မြေနုကျွန်းမြေအားလုံးသည် အသစ်ဟု သုံးသပ်မှသာ ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၁၀၄)ကို ရေကျ၍ ပြန်ပေါ်လာချိန်တွင် ကျွန်းများအနက် အချို့မြေနုကျွန်းများသည် ဧရိယာအတိုး၊ အလျော့ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ဧရိယာလျော့သွားသော မြေနုကျွန်းများတွင် မူလလုပ်ပိုင်ခွင့်ရထားသူကို ခွင့်ပြုမည်ဆိုပါက လျော့သွားသောဧရိယာတွင် လုပ်ကိုင်သူများအနေဖြင့် လုပ်ကိုင်ရန်မြေယာမရှိလျှင် ကျေးရွာလူထုအတွင်း စီးပွားရေးမညီမျှခြင်း၊ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ မြေယာအငြင်းပွားခြင်း စသည့်ကိစ္စရပ်များ ဖြစ်ပေါ်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ရေကျ၍ပြန်ပေါ်လာသည့်မြေသည် တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ မြေသားပြောင်းလဲမှုမရှိဘဲ နှစ်ကာလအတန်ကြာသည်ထိ တည်ငြိမ်နေပါက မြေနုကျွန်းမြေအဖြစ် မသတ်မှတ်ဘဲ မြေရင့်အဖြစ်သတ်မှတ်ပြီး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ မြေနုကျွန်းမြေဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုအောက်တွင် မရှိသည့် မြေများသာဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ(က)ကို မြေနုကျွန်းမြေကို လုပ်ပိုင်ခွင့်ချထားရာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ပတ်ဝန်းကျင်ရှိ အနီးဆုံးကျေးရွာများမှ စီးပွားရေးစစ်တမ်းများအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများအခြေအနေတို့ကို အဓိကအခြေခံ၍ နှစ်စဉ်ချထားပေးခြင်းဖြစ်ပါကြောင်း၊ ယခင်နှစ်က ချထားပေးသူများကိုသာ အခွင့်အရေးပေး၍ ခွဲဝေချထားပါက အကျိုးအမြတ်ရရှိနိုင်မှုအခွင့်အရေး များပြားသည့် မြေကို တစ်ဦးတည်းကိုသာ ဦးစားပေးချထားသကဲ့သို့ဖြစ်နိုင်ပါကြောင်း၊ ကျေးရွာလူထုအတွင်း စီးပွားရေးမညီမျှခြင်း၊ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ မြေယာအငြင်းပွားခြင်း စသည့်ကိစ္စရပ်များဖြစ်ပေါ်နိုင်သဖြင့် ယခင်နှစ်လုပ်ကိုင်သူကို ထည့်သွင်းစဉ်းစားပြီး ကျေးရွာလူထုအတွင်း စီးပွားရေးမညီမျှခြင်း၊ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ မြေယာအငြင်းပွားခြင်း စသည့်ကိစ္စရပ်များ မဖြစ်ပေါ်အောင် ချင့်ချိန်သုံးသပ်ရမည့်ကိစ္စဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ(ခ)ကို လယ်ယာမြေနည်းဥပဒေ(၁၀၄) တွင် ဖော်ပြပါအတိုင်း မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်ဖြစ်သည့်အတွက် နှစ်စဉ် တစ်နှစ်တစ်ကြိမ် နောက်ဆုံးအခြေအနေနှင့် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ-၁၁ အရ “မြေနုကျွန်းမြေလုပ်ကိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံရမည်” ဟု ပြင်ဆင်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ(၁၀၆)(ခ)ပါ မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးသတ်မှတ်သည့်ကျေးရွာဟု ဖော်ပြထားရှိမှုအပေါ် တည်ဆဲလယ်ယာမြေနည်းဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် အဘက်ဘက်က သုံးသပ်၍ ကျယ်ပြန့်စွာ ဆွေးနွေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ(စ)ကို မြေနုကျွန်းမြေချထားခြင်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လုပ်ကိုင်ခွင့်ချထားသူစာရင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်ဖြစ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များတွင် တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများပါဝင်ဖွဲ့စည်းထားပြီးဖြစ်ခြင်းတို့ကြောင့် ပွင့်လင်းမြင်သာမှုနှင့် အဆင့်ဆင့်ကြီးကြပ်မှုရှိအောင် ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၁၁၂) နည်းဥပဒေခွဲ(က)ကို မြေနုကျွန်းမြေသည် လယ်ယာမြေဟူသည့် စကားရပ်တွင်ပါဝင်သော်လည်း ခိုင်မြဲမှုမရှိ၍ တစ်နှစ်တစ်ရာသီသာ လုပ်ပိုင်ခွင့်ကို ခွင့်ပြုထားရှိခြင်းဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးထားခြင်းမပြုသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုဘဲ စည်းကြပ်သည့်မြေခွန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

သို့ပါ၍ အဆိုနှင့်စပ်လျဉ်း၍ လိုအပ်သည့်အချက်များကိုသာ ပြင်ဆင်မည်ဆိုပါက အဆိုကို မှတ်တမ်းတင်ထားရှိပြီး အဆိုပါပြင်ဆင်ချက်အပြင် ၂၀၂၀ ပြည့်နှစ် လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ- ၁၁ ပါ ပြဋ္ဌာန်းချက်အပေါ် လယ်ယာမြေနည်းဥပဒေတွင် အခြားဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ များစွာကျန်ရှိနိုင်ပါသဖြင့် လက်ရှိအချိန်၌ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် လိုအပ်မှု ရှိ၊ မရှိကို အဘက်ဘက်က လေ့လာသုံးသပ်၍ ကျယ်ပြန့်စွာ ဆွေးနွေးပြီး လယ်ယာမြေဥပဒေတွင်ပါဝင်သည့် မြေနုကျွန်းနှင့်ပတ်သက်သည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားကို မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

### ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၆ ခုနှစ်)** ဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော "မေလ နောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလအတွင်းတွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်) ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့" ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ နောက်ဆုံးပတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကျင်းပ



မန္တလေး ဇူလိုင် ၂၇

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ပင့်သံဃာတော် ဆရာတော်ကြီးများ၊ တပည့်သား သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ၊ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့များ၊ ညော့်ပရိသတ်များ တက်ရောက် ပူဇော်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အနောက်ခင်မကန်တိုက် သိမ်ကျောင်းဆရာတော် ဘဒ္ဒန္တထေရိယက မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ပေးပို့လှူဒါန်းသည့် စိန်ကတ္တီပါဝတ်ရုံတော်သင်္ကန်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လွှမ်းခြုံလှူဒါန်းပူဇော်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးပို့ဆက်ကပ်သည့် သံဝေဂဉာဏ်ပွားတော်မူကြောင်း လျှောက်ထားလွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စလင်းဝိဘဇ္ဇဝါဒီကျောင်း ဆရာတော်က လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ပေးပို့ဆက်ကပ်သည့် ဝမ်းနည်းကြောင်းသဝဏ်လွှာကို တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးကလည်းကောင်း ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ဆရာတော်၊သံဃာတော်များအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များက သင်္ကန်းစသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံမှ သံဝေဂကထာနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီး၏တပည့် ကျင်ဂနိုင်ကျေးရွာ ပတ္တမြားရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တမဏ္ဍလက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် နောက်ဆုံး တောင်းပန်ကန်တော့လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများကို တိုင်ကြားပေး၍ ဆရာတော်ကြီးကို နောက်ဆုံးတောင်းပန်ကန်တော့ကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မိုးကောင်းတိုက် အလယ်ရွှေကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မာဓိပတျာ လင်္ကာရက ပစ္ဆိမဝန္ဒနာဂါထာဖြင့် ရွတ်ဖတ်ပူဇော်ကန်တော့သည်။

ဆက်လက်၍ မိုးကောင်းတိုက် အောင်မြေချမ်းသာကျောင်း စာချနာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ(ပါဠိပါရဂူ)က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကရဝိက်ယာဉ်ပေါ်သို့ကြွချီတော်မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီးနောက် တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို စံကျောင်းမဏ္ဍပ်မှ အစီအစဉ်အတိုင်း ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ခဲ့ကြောင်းနှင့် အေးရိပ်ငြိမ်သုသာန်ရှိ လောင်တိုက်တော်သို့ ဆက်လက်ပင့်ဆောင်ခဲ့ပြီး အခမ်းအနားအစီအစဉ်အတိုင်း အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

**❑ အားကောင်းသောမုန်တိုင်းငယ်မှ**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

**■ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(သြရိသပြည်နယ် မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်) ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

---

**❍ ပြတ်တောက်သွားသောလက်ညှိုးမှ**

ဖြစ်စဉ်မှာ မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သော အသက် ၂၅ နှစ် အမျိုးသားတစ်ဦးသည် သစ်စက်တွင် အလုပ်လုပ်နေစဉ် ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲက သစ်ဖြတ်စက်ဖြင့် ထိခိုက်မိပြီး ဝဲဘက်လက်ညှိုး၏ အလယ်ခန့်မှ ထက်ပိုင်းပြတ်တောက်သွားသဖြင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ တစ်ဆင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး အရိုးရောဂါကုသဆောင် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့သို့ ချိတ်ဆက်ဆက်သွယ်ပြီး ယင်းနေ့ ညနေပိုင်းတွင် လွှဲပြောင်းရောက်ရှိလာရာ လက်ညှိုးပြန်ဆက်ရန် လိုအပ်သော စစ်ဆေးမှုများကို အမြန်ဆုံးပြုလုပ်ပြီး ညနေ ၅ နာရီခွဲမှ နံနက် ၀၀:၃၀ နာရီထိ လက်ချောင်းပြန်ဆက်သည့် ခွဲစိတ်ကုသမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ပြီးနောက် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအထူးကုဆရာဝန်ကြီးများက အနီးကပ်စောင့်ကြည့်၍ လိုအပ်သော ကုသမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ ပြန်ဆက်ထားသော လက်ညှိုးမှာ ကောင်းမွန်စွာရှင်သန်လျက်ရှိသဖြင့် ဇူလိုင် ၁၆ ရက် ခွဲစိတ်ပြီး ၁၄ ရက်မြောက်နေ့တွင် ဆေးရုံမှပြန်လည်ဆင်းနိုင်ခဲ့ပြီး လိုအပ်သောလေ့ကျင့်ခန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။



◆ တိုက်ကွမ်ဒိုပြိုင်ပွဲမှ

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဗိုလ်လုပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။

ဆုပေးပွဲတွင် အမျိုးသမီး ၄၃-၄၆ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ကယားပြည်နယ်အသင်းမှ ဒီမြာ၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး အသင်းမှ ယမင်းသော်တာ၊ တတိယဆုကို မွန်ပြည်နယ်အသင်းမှ ယွန်းပိုးအိမ်၊ ပူးတွဲတတိယဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆုရည်ထက်တို့ကရရှိကြရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းကလည်းကောင်း၊ အမျိုးသမီး ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ရှမ်းပြည်နယ်အသင်းမှ ဆုလေပြေထွန်း၊ ဒုတိယဆုကို ကရင်ပြည်နယ်အသင်းမှ အေးမြတ်သူ၊ တတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျိန်ရှန်စံ၊ ပူးတွဲတတိယဆုကို နေပြည်တော်ကောင်စီအသင်းမှ ဂျူးဂျူးစံသာ၊ အမျိုးသမီး ၄၀-၄၃ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သူသူဟန်၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်းမှ ဖိုးမြာ၊ တတိယဆုကို ကရင်ပြည်နယ်အသင်းမှ မင်းမင်းဟေမာန်၊ ပူးတွဲတတိယဆုကို ချင်းပြည်နယ်အသင်းမှ ချမ်းမြေ့စံတို့က ရရှိကြရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြဟန်ကလည်းကောင်း။

အမျိုးသား ၅၁-၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ခန့်ထူးလျှံမိုးနေ၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီးအသင်းမှ ထက်ဝေယံကျော်၊ တတိယဆုကို ချင်းပြည်နယ် အသင်းမှ အောင်ကျော်ဇင်၊ ပူးတွဲတတိယဆုကို မွန်ပြည်နယ်အသင်းမှ စွမ်းထက်ဦးတို့နှင့် အမျိုးသား၄၈-၅၁ ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းလင်းအောင်၊ ဒုတိယဆုကို မွန်ပြည်နယ်အသင်းမှ ထက်မြတ်ထွန်း၊ တတိယဆုကို ချင်းပြည်နယ် အသင်းမှ ရဲသီဟလင်း၊ ပူးတွဲတတိယဆုကို နေပြည်တော်ကောင်စီအသင်းမှ ဖြိုးပြည့်စုံတို့ကရရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဒီမြာနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းလင်းအောင်၊ ရွှေတံဆိပ် ငါးခု၊ ကြေးတံဆိပ် လေးခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးက Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် တစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ် (က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ) အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက် ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ခိုလမ်တပ်နယ်(ခ)အသင်းတို့ကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇူလိုင် ၂၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

❖ ကျောင်းပြင်ပ ပညာရေးမှ

ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များမှ အမှန်တကယ် ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသောနေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

ပညာရေးဝန်ကြီးဌာန

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




## ထူးခြားသည့် နေ့အပူချိန်များ

( ၂၇-၇-၂၀၂၆ )

| | | | | |
|---|---|---|---|---|
| မုံရွာ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၇၇၇ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကိုပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ရာတွင် အသုံးပြုခဲ့ကြသည့် တရားမဝင်အဆောက်အအုံများ ပြန်လည်အသုံးမပြုနိုင်အောင်ကိုလည်း အပြီးတိုင် စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် တပ်မတော်စစ်ကြောင်းများက သက်ဆိုင်ရာနယ်မြေများအတွင်း မြေပြင်သတင်းဖော်ထုတ်ပြီး တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုနှင့်အတူ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချနေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် သွပ်မိုး တစ်ထပ်အဆောက်အအုံ ခုနစ်လုံး၊ သွပ်မိုး သုံးထပ်အဆောက်အအုံ တစ်လုံးတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၆၂၀၊ အမျိုးသမီး ၁၁ ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် star link ဇန်း တစ်ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။


အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်နေကြသူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး တပ်မတော်စစ်ကြောင်းများအနေဖြင့် ဇူလိုင် ၆ ရက်မှ စတင်၍ လေးကေ့ကော်တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၉ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ရသေ့ဂူကျေးရွာ၏တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် လေးကေ့ကော်၏ အရှေ့တောင်ဘက် မီတာ ၅၅၀၀ ခန့်အကွာသို့အရောက်၌လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် လေးကေ့ကော်၏ အရှေ့တောင်ဘက် မီတာ ၈၆၀၀ ခန့်အကွာသို့အရောက်၌လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် လေးကေ့ကော်၏ အရှေ့တောင်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ အရောက်၌လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် မင်းလက်ပံကျေးရွာ၏ တောင်ဘက် မီတာ ၇၀၀၀ ခန့်အကွာ မြန်မာ-ထိုင်း နယ်စပ်အနီးသို့ အရောက်၌လည်းကောင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများကို အခကြေးငွေရယူ၍ အကာအကွယ်ပေးထားသည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါတရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် ပါဝင် ပတ်သက်ကျူးလွန်သူများကို ယခုကဲ့သို့ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။





ဖမ်းဆီးရမိ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင်နိုင်ငံခြားသားများကို တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ဒေသအတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် သိမ်းဆည်းရမိ တယ်လီဖုန်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ကိုးလက်၊ ခဲယမ်းများ၊ အခိုင်အမာဆောက်လုပ်ထားသည့် ကွန်ကရစ်ဘန်ကာများ၊ လူနေတဲများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။






ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိသူများကို

စာမျက်နှာ ၃၀ သို့

# တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းကို ထပ်မံသိမ်းပိုက်ရရှိ

တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့် ထင်းဇင်ရွာသစ်နှင့်ထင်းဇင်ရွာဟောင်းတို့အား ပြန်လည်ထိန်းချုပ်




နေပြည်တော် ဇူလိုင် ၂၇

တပ်မတော်စစ်ကြောင်းများအနေဖြင့် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး- တမူးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဇွန် ၇ ရက်မှစ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိကိုလည်းကောင်း၊ ကလေးမြို့ဘက်မှချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများကို တစ်ခုပြီးတစ်ခု အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်သည့် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းတို့ကို ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ၌ ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများပြုလုပ်ခြင်း၊ ဒေသခံပြည်သူများ၏ စားရေရိက္ခာနှင့်အသုံးဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးပြီး အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ အဆောက်အအုံများကိုဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို မထောက်ခံသည့် ဒေသခံများကို အကြောင်းမဲ့ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟို)



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုထားသည့် ထင်းဇင်ရွာဟောင်း ဆေးခန်းအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုထားသည့် ထင်းဇင်ရွာသစ်အား ပြန်လည်သိမ်းပိုက်စဉ် သိမ်းဆည်းရမိသည့် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။


# ရန်ကုန်-မော်လမြိုင်ပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် ဆူညံစွာအော်ဟစ် သီချင်းသီဆိုခြင်း၊ Tiktok ဆော့ကစားခြင်း၊ ရထားထိုင်ခုံ လက်တန်းများပေါ်တွင်ထိုင်ခြင်းနှင့် လျှောက်လမ်းများတွင်ပိတ်ဆို့၍ ထမင်းဝိုင်းဖွဲ့စားသောက်ခြင်းများပြုလုပ်ခဲ့သူများကို အမှုဖွင့်အရေးယူ

နေပြည်တော် ဇူလိုင် ၂၇

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ သက်သောင့်သက်သာ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့် ရထားတွင်းသန့်ရှင်းမှုကိုထိန်းသိမ်းရန်၊ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်းမပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာအသုံးပြုနိုင်ရန် ထိုင်ခုံများကို စနစ်တကျအသုံးပြုပေးပါရန် အသိပေးချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာရထားများပေါ်တွင် အသိပေးကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်ဘူတာမှ ရန်ကုန်ဘူတာကြီးသို့ထွက်ခွာလာသည့် အမှတ်(၈၄) အစုန် DEMU အမြန်ရထား ပထမတန်းတွဲ(၃)တွင်လိုက်ပါလာသည့် မော်လမြိုင်ကမ်းနားလမ်း အားကစားအဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မြသန်း ဦးဆောင်သည့် အမျိုးသမီး ၅၃ ဦး၊ အမျိုးသား တစ်ဦး စုစုပေါင်း ၅၄ ဦးတို့သည် ရထားပေါ်တွင် ဆူညံစွာအော်ဟစ်သီချင်းဆိုခြင်း၊ Tiktok ဆော့ကစားခြင်း၊ ရထားထိုင်ခုံလက်တန်းပေါ်တွင်ထိုင်ခြင်း၊ ရထားကြမ်းခင်းလျှောက်လမ်းကိုပိတ်ဆို့၍ ထမင်းဝိုင်းဖွဲ့စားသောက်ခြင်းများ စည်းကမ်းမဲ့ပြုလုပ်နေကြသဖြင့် ရထားဝန်ထမ်းများနှင့် ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အခြားခရီးသည်များ စိတ်အနှောင့်အယှက်မဖြစ်စေရန် နှစ်ကြိမ်တိုင်တိုင်သတိပေး တားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မြသန်းပါ အမျိုးသမီး ၅၃ ဦး၊ အမျိုးသား တစ်ဦး စုစုပေါင်း ၅၄ ဦးတို့ကို မော်လမြိုင်မြို့မရဲစခန်းက (ပ) ၁၂၉/၂၀၂၆၊ ရထားပို့ဆောင်ရေးဥပဒေပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟို)





ရန်ကုန်-မော်လမြိုင်ပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် ဆူညံစွာအော်ဟစ်သီချင်းသီဆိုခြင်း၊ Tiktok ဆော့ကစားခြင်း၊ ရထားထိုင်ခုံလက်တန်းများပေါ်တွင် ထိုင်ခြင်းနှင့်လျှောက်လမ်းများတွင်ပိတ်ဆို့၍ ထမင်းဝိုင်းဖွဲ့စားသောက်ခြင်းများပြုလုပ်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၉ မှအဆက်

လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟို)







## အမည်မှန်

တံတားဦးမြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း စက်မှု၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်းသန့်၏သား မောင်ကောင်းပြည့်စုံဖြိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ကောင်းလင်းမြတ်** ဖြစ်ပါကြောင်း။

မောင်ကောင်းလင်းမြတ်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး အထက(တွဲ)(ဘ/က)၊ ကောဒသမတန်း၊ Grade-11 တွင် ပညာသင်ကြားနေသော မအိမ့်မြတ်နိုးခိုင်၏ဖခင်အမည်မှန်မှာ **ဦးဖြိုးဇော်ထွန်း** ဖြစ်ပါကြောင်း။ **ဦးဖြိုးဇော်ထွန်း(၅/ဝလန(နိုင်)၁၀၇၅၆၁)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နေ မစုန်းစူးဟွာ (ဘ) ဦးရန်ချင်းလှိုင်(၁၃/တယန(နိုင်)၀၉၆၁၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-672526938**

## အမည်ပြောင်း

စစ်ကိုင်းမြို့နယ်၊ သောတာပန်ရပ်၊ အမှတ်(၂၃) အောင်မြေဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းလင်း၏သမီး မမေဂျူလှိုင်အား **မမေစံပယ်**ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေစံပယ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ အလကဆီမီးထွန်း၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်မင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနေအောင်လင်း** ဖြစ်ပါကြောင်း။

**ဦးနေအောင်လင်း(၉/အမရ(နိုင်)၁၁၉၉၉၉)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၅ လမ်း၊ (၅၆-၅၇)လမ်းကြားနေ မောင်စိုးထက်အောင် (ဘ) ဦးကျော်လွင်(၉/မခန(နိုင်)၂၂၁၇၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-956888989**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာအခြေခံပညာအထက်တန်းကျောင်း (၂၀၂၆/၂၀၂၇)ပညာသင်နှစ်၊ Grade-11 တွင် တက်ရောက်ပညာသင်ကြားနေသော မောင်ညီမင်းဆက်နှင့် Grade-7 တွင် တက်ရောက်ပညာသင်ကြားနေသော မပျိုးရတီ တို့၏ မိဘအမည်မှန်မှာ **ဦးကျော်ကိုကို + ဒေါ်အေးသီတာလှိုင်** ဖြစ်ပါကြောင်း။ **ဦးကျော်ကိုကို(၉/စကတ(နိုင်)၀၆၇၀၆၅)**

**ဒေါ်အေးသီတာလှိုင်(၉/စကတ(နိုင်)၀၉၄၈၉၉)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ခ-၈ နေ ဦးတင်အေး + ဒေါ်မြတို့၏သား မောင်ငြိမ်းဆန်း (၉/ခမစ(နိုင်)၀၃၉၂၄၁)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမဆို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

ဦးတင်အေး(၉/အမရ(နိုင်)၀၁၂၈၃၂)

ဒေါ်မြ(၉/မမန(နိုင်)၀၅၂၁၇၆)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီ (MSA)က ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်၍ သုံးသပ်လမ်းညွှန်မှာကြား** စာမျက်နှာ - ၁၈

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးကျောင်းပရိယတ္တိစာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ၊ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ကျောင်းပြင်ပမူလတန်းပညာရေး - NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး - NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် သက်လွန်ကျောင်းပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး – NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများကိုလည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး – NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများကိုလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု(Placement Test)ကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု(Placement Test) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး – NFPE တွင်ဖြစ်စေ၊ ကျောင်းပြင်ပအလယ်တန်းပညာရေး – MFME တွင်ဖြစ်စေ စာမျက်နှာ ၂၈ ကော်လံ ၁ ❖

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ


ရန်ကုန် ဇူလိုင် ၂၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ စာမျက်နှာ ၂၈ ကော်လံ ၁ ◆



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၂၆ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ်မြောက်ပိုင်း – အနောက်ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ စာမျက်နှာ ၂၇ ကော်လံ ၁ ■

တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများယာယီစိုးမိုးထားသည့် တမူးမြို့နယ် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းကို ထပ်မံသိမ်းပိုက်ရရှိ စာမျက်နှာ - ၃၀

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၇၇၇ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ - ၂၉

ရန်ကုန်-မော်လမြိုင် ပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် ဆူညံစွာအော်ဟစ်သီချင်းသီဆိုခြင်း၊ Tiktok ဆော့ကစားခြင်း၊ ရထားထိုင်ခုံလက်တန်းများပေါ်တွင် ထိုင်ခြင်းနှင့် လျှောက်လမ်းများတွင် ပိတ်ဆို့၍ ထမင်းဝိုင်းဖွဲ့စားသောက်ခြင်းများပြုလုပ်ခဲ့သူများကို အမှုဖွင့်အရေးယူ စာမျက်နှာ - ၃၀